# နောက်ဆုံးသောကာလ၌ ဘိသိတ်ခံသူများ

ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၅ - ၀၇၂၅ အမ်မ်။

1 ၁။ ပရိတ်သတ်များမင်္ဂလာပါ။ကျွန်တော်တို့၏သခင်ထံ ဆုတောင်းကြပါစို့။ ကြီးမြတ်သောမူသောဘုရားသခင် ကောင်းကင်နှင့်မြေကြီးကိုဖန်ဆင်းတော်မူသောအရှင် ကိုယ်တော်ရှင်ကိုဝတ်ပြုကိုးကွယ်ရန် ယနေ့မနက်ကိုယ်တော်ရှင်ကို ခန့်အပ်ခြင်းခံရပြီး ကျွန်ုပ်တို့စုဝေး၍ ရောက်လာကြပါပြီ။ကိုယ်တော်ရှင် ကျွန္ုပ်တို့၏နှလုံးသားများထဲတွင်ကိုယ်တော်ရှင်ကိုလုံးဝအပ်နှံကြပါပြီ။ ကျွန်ုပ်တို့အတွင်း၌လည်းသန့်ရှင်းသောဝိညာဉ်တော်အလုပ်လုပ်လျှက်ရှိပြီး ကျွန်ုပ်တို့သိစေရန်အတွက်ကိုယ်တော်ရှင်ထံတော်ပါးသို့စုရုံးကြပါသည်။ ကျွန်ုပ်တို့၏ဆန္ဒမှာ ပိုမိုကောင်းသော ခရစ်ယာန်များဖြစ်လာကြပြီးကိုယ်တော်ရှင်၏ ကိုယ်စားလှယ်ကောင်းများဖြစ်ပါသည်။ ယနေ့မနက် ကျွန်ုပ်တို့အားချပေးသနားတော်မူပါအဖ။ ကိုယ်တော်ရှင်ကို ကျွန်ုပ်တို့မြော်လင့်စောင့်စားလျှက်ရှိပါသည်။ သခင်ယေရှုခရစ်၏နာမတော်မြတ်၌ ဆုတောင်းပါသည်အဖ။ အာမင်။ထိုင်နိုင်ပါပြီ။ (တစ်စုံတစ်ယောက်သောသူက ပြောပါသည်။ 'ဆုတောင်းအဝတ်များ ဖယ်ရှားလိုပါသလား)အယ်ဒီတာ] ဟုတ်ကဲ့။

2 ၂။ ယနေ့မနက် ဝတ်ပြုကိုးကွယ်ရန်အတွက်ဤနေရာမှာပြန်လည်ရောက်လာသည့်အတွက် အလွန်ဝမ်းမြောက်မိပါသည်။ ကျွန်တော်တို့ဝမ်းနည်းပါသည်။ လူများအတွက် နေရာမရှိတော့ပါ။ သို့သော်လည်း ကျွန်တော်တို့မှာ... အကောင်းဆုံးကျွန် တော်တို့ကြိုးစား၍ လုပ်ကိုင်ဆောင်ရွက်ပါမည်။ မည်သည့်အနေအထားမျိုးတွင်မဆို ကျွန်တော်တို့ပြုလုပ်ဆောင်ရွက်ကြပါမည်။

များစွာသောသူတို့မှာလက်ကိုင်ပဝါများရှိ၍ ဆုတောင်းခံရန်အတွက် ဆုတောင်းချက်များစွာလည်း ရှိပါသည်။ တစ်ဖက်ကလူအတွက်ဆုတောင်းပေးလျှင်တစ်ဖက်လူအတွက် ဂရုမမူဘဲ နေခြင်းမျိုးမဟုတ်ပါ။အဓိကအားဖြင့်သူတို့အတွက် ဆုတောင်းပေးခြင်းပင်ဖြစ်ပါသည်။ ယနေ့ညကဲ့သို့ပင်ဖြင်ပါသည်။ယနေ့မနက်လည်း ဆုတောင်းပေး၍ ယနေ့ညလည်းတဖန်ဆုတောင်းပေးပါဦးမည်။ ကျွန်တော်ဆုတောင်း၍ အနာရောဂါငြိမ်းစေရန်အတွက်ဘုရားသခင်၏ဝိညာဉ်တော်ကို မျှော်လင့်စောင့်စား ပါမည်။ ကျွန်တော်ဆုတာင်းပေးရန်အတွက်လက်ကိုင်ပဝါစသည်ဖြင့် ရှိပါက ဆုတောင်းပေးပါမည်။

3 ၃။ အထူးဆုတောင်းပေးရသည့်အရာမှာဘီလီက တစ်ဦးစီအတွက် ကျွန်တော့်ထံယူဆောင်ခဲ့ပါမည်။ သုံးရာခန့်ရှိ၍ ကျွန်တော်အခန်းထဲမှထွက်လာခဲ့ပါသည်။ကျွန်တော်မြန်နိုင်သမျှအမြန်ဆုံး ဆုတောင်းပေးပါသည်။ လူတိုင်းထံသို့ အမြန်ဆုံးရောက်နိုင်အောင်လည်း ကျွန်တော်ကြိုးစားပါမည်။ သူတို့အားလုံးထံသို့ကျွန်တော်ရောက်နိုင်မည်မဟုတ်ပါ။ 'ကိုယ်တော်ရှင်ဤအရာသာ ဖြစ်သည်မဟုတ်ပါလား? ထိုသို့ပင်ဖြစ်ပါသည်။အကြောင်းမှာ သူတို့အားလုံးမှာ လိုအပ်နေသူများသာဖြစ်ပါသည်။ စစ်မှန် သော တောင်းဆိုမှုများပင်ဖြစ်သည်။ ဘာမှသံသယဖြစ်စရာမလိုပါ။ ကျွန်တော်တို့အားလုံး အတူတကွ ပြောဆိုသင့်သည့်အရာ လည်းမဟုတ်ပါ။' တစ်ခါတစ်ရံသန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော်ဖတ်သောအရာကို တစ်စုံတစ်ရာပြောဆိုပါမည်။ကျွန်တော်၏စိတ်နှလုံးထဲတွင် မှတ်သားထားရပါမည်။ တစ်ဖန် ကျွန်တော်ပြန်သွားပြီးအကြောင်းအရင်းကို ကျွန်တော်ရှာ ဖွေပါဦးမည်။ သို့မဟုတ်ပါက ရှောင်တခင် သူတို့ကို တွေ့ဆုံရခြင်းသာဖြစ်ပေမည်။

4 ၄။ ယနေ့မနက်ကျွန်တော်တို့ကလည်း ပြောဆိုပါသည်။ အခြားဒေသများသို့ ရောက်နေသူများကိုလည်းနှုတ်ဆက်လိုပါ သည်။ ဤတယ်လီဖုန်းအချိတ်အဆက်အားဖြင့် ကျွန်တော်တို့ကလည်း ယနေ့မနက်နှုတ်ဆက်လိုပါသည်။ နယူးယောက်မြို့ ၊ ဗြူးမောင့်၊ တက္ကဆပ်၊ ပရက်စကော့၊ အာရီဇိုးနား၊တပ်ဆင်၊ အာရီဇိုးနား၊ ဆန်လို့၊ ကယ်လီဖိုးနီးယား၊ တော်နက်တီကပ်၊ ဂိန်း(စ)ဗီးလ်၊ဂျော်ဂျီယာနှင့် နယူးအယ်ဘာနီ၊ အင်ဒီယားနား၊ စသည်ဖြင့် တစ်နိုင်ငံလုံးတွင်ဖြစ်ပါသည်။ သခင်ယေရှုခရစ်တော်၏ နာမတော်မြတ်၌ သင်တို့အားနှုတ်ဆက်လိုက်ပါသည်။

ယနေ့မနက် အင်ဒီယားနားတွင်ရာသီဥတုသာယာကောင်းမွန်ပါသည်။ ရာသီဥတုအေးမြသွားစေသည့် မိုးရွာသွန်းမှု ယမန်နေ့ညကဖြစ်ပေါ်လာပါသည်။ ဘုရားရှစ်ခိုးကျောင်းမှာ ပြည့်နှက်၍ လူတိုင်းစောင့်နေပါသည်။အလွန်စိတ်အားထက်သန်စွာ ဖြင့် ဥပုဒ်စာဖြေ သင်ခန်းစာများအတွက် စောင့်စားနေကြပါသည်။ဘုရားသခင်၏ ကြွယ်ဝသော ကောင်းကြီးမင်္ဂလာများ သင်တို့ အပေါ်သို့ တက်ရောက်ပါမည်။

ကျွန်ုပ်တို့ကလည်းမျှော်လင့်ချက်ထားပြီး ကျွန်တော်တို့ရနိုင်သော နည်းလမ်းကို ပြုလုပ်ရပါမည်။ကျွန်ုပ်တို့အားလုံး အတူ တကွစုရုံး၍ သမ္မာကျမ်းစာတွင်ပါရှိသော ဘုရားသခင်၏အမျက်တော်ဖလား (၇) ဖလားကို ဟောပြောလိုပါသည်။

5 ၅။ ယနေ့မနက်သွန်သင်ရမည့်သင်ခန်းစာအတွက် အချိန်ကြာကြာမယူလိုပါ။... ကိုယ်တော်ရှင်ကို ကျွန်တော်ရှာတွေ့ခဲ့ပါ သည်။ ကျွန်တော်ဘာပြောနိုင်ပါမည်နည်း ဟုလည်းစဉ်းစားနေမိပါသည်။ ဤဝတ်ပြုအစည်းအဝေးမှာလည်း နောက်ဆုံးဖြစ်မည်အကြောင်း သိနေနင့်ပါသည်။ ကိုယ်တော်ရှင်ကြွလာတော်မူခြင်းမှာလည်းအလွန်နီးကပ်လျှက်ရှိနေပါပြီ။

ကယ်လီဖိုးနီးယားတွင်ကြိုတင်နိမိတ်ဖတ်ထားသည်ကိုတွေ့ရပါသည်။ အိမ်များနှင့် မြေများသည် တစ်နာရီလျှင်လက်မသုံးဆယ် နှုန်းနှင့် ရေထဲသို့မြုပ်ဝင်သွားပါသည်။ သစ်သားတုံးများကြိုးပွဲသံကိုလည်းကြားရပါသည်။ ဘာဖြစ်သည်ကိုလည်း သူတို့မ သိကြပါ။ ကျွန်တော်တို့သည်နောက်ဆုံးအချိန်သို့ရောက်နေပါပြီ။ ဒေါ်လာရာပေါင်းမက တန်ဖိုးရှိသောအိမ်များနှစ်မြုပ်ကုန် ကြသည်။ သတင်းစာထဲတွင် ဓာတ်ပုံများပါလာပြီး စာလုံးမဲကြီးများဖြင့်သတင်းကိုဖော်ပြထားပါသည်။ ယနေ့ည ထိုအကြောင်း အရာကို ကျွန်တော်ပြောလိုပါသည်။

6 ၆။ ယနေ့ညကျွန်တော်တို့လူနာများအတွက် ဆုတောင်းပေးခဲ့ပါသည်။ ညနေ (၅) နာရီ (၆) နာရီ ဘယ်အချိန်ဖြစ်ဖြစ်လာခဲ့ ကြပါ။

ကျွန်တော်တို့ စောစောစကြပါမည်။ သို့မျှသာစောစောပြန်နိုင်ကြပါမည်။ဆုတောင်းကဒ်ပြားကလေးများ လက်ခံယူကြပါ။ ယနေ့ည လူနာများအတွက် ကျွန်တော်တို့ ဆုတောင်းပေးကြပါမည်။ကိုယ်တော်ရှင်အလိုတော်တိုင်းဖြစ်ပါစေ။

7 ၇။ 'ကျွန်တော်ဘာလုပ်ရပါမည်နည်း' ဟုဆုတောင်းပြီးစဉ်းစားပါကတစ်နေ့သောအခါမှာလည်း ကျွန်တော်ဘာပြောရမည် ကို သိနေပါမည်။.....ယနေ့မနက် ကျွန်တော်ဆုံးဖြတ်၍ သန့်ရှင်းသောဝိညာဉ်တော်လမ်းပြသည်ဟုလည်း ယုံကြည်ပါသည်။ သတင်းစကားပြောကြားရန်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ကြိုတင်သိခွင့်မရခဲ့ပါက ဘာဘဲဖြစ်ဖြစ် အချည်းနှီးသာဖြစ်ရခြင်း မဟုတ်ကြောင်းကိုသိထားရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်က နောင်ဖြစ်လာမည့်အရာများကို ကျွန်တော်တို့အားသတိပေး ရန်ပင်ဖြစ်ပါသည်။ သမ္မာကျမ်းဖော်ပြထားသည့်အတိုင်း ဘုရားသခင်ကသူ၏အစေခံကျွန် ပရောဖက်များအား ဖော်ပြခြင်း မပြုသေးဘဲနှင့် ဘာကိုမှမပြုလုပ်ဟုဆိုထားပါသည်။ သခင်ယေရှုက လူများကိုသတိပေးပါသည်။ ဘာဖြစ်မည့်အကြောင်းကြိုတင်ပြောပြပါသည်။ ကျွန်တော်တို့နေထိုင် အသက်ရှင်လျှက်ရှိသော ကာလများသာဖြစ်မည်။ဤခေတ်အခါတွင် ဘာဖြစ်တတ် သည် စသည်တို့ကို မြင်တွေ့စေပါသည်။ဤထူးခြားသောဘာသာရပ်များအကြောင်းကိုလည်း ကျွန်တော်တို့ ကြိမ်ဖန်များစွာဖတ်ရှုလေ့လာရပါသည်။ ယနေ့မနက် ဤအကြောင်းအရာကို ပြောပြရန်အတွက် ကျွန်တော်၏စိတ်နှလုံးတို့ထိခြင်းခံရပါသည်။

8 ၈။ (မဿဲအခန်းကြီး ၂၄) ကို သမ္မာကျမ်းစာကိုဖွင့်၍ဖတ်ကြပါစို့။ [ဘရာသာဘရမ်ဟမ်ကချောင်းဟန့်ပြီးလည် ချောင်းရှင်းလိုက်ပါသည်။- အယ်ဒီတာ] ကျွန်တော်ကိုခွင့်လွှတ်ပါ။ ကျွန်တော်၏ကျမ်းစာနှင့်အကြောင်းအရာကို သိစေရန်ပင် ဖြစ်ပါသည်။

ဖြည်းညှင်းစွာကျွန်တော်ကဤကျမ်းစာသင်တန်းကဲ့သို့ သွန်သင်ပေးသွားပါမည်။ စာရွက်နှင့်ခဲတံများယူထားကြပါ။ဤ အောက်မှာ သမ္မာကျမ်းစာများစွာကျွန်တော်ရေးသားထားပါသည်။ ခင်ဗျားတို့လည်းလိုက်၍ ရေးမှတ်ထားနိုင်ကြပါသည်။အိမ်ပြန်သွားသောအခါ လေ့လာနိုင်ပါသည်။ ဥပုဒ်စာဖြေသင်ခန်းစာကဲ့သို့ပင် ဖြစ်ပါသည်။ကျွန်တော်တို့သိစေရန်အတွက်ဖြစ်ပြီး မိမိကိုယ်ကိုသတိပြုရန် ကျွန်တော်တို့ အသက်ရှင်နေသောအချိန်နာရီများအတွက်ပြင်ဆင်ထားကြရပါမည်။

9 ၉။ ရှင်မဿဲခရစ်ဝင်ကျမ်း၂၄ တွင် [ဘရာသာဘရမ်ဟမ်က မိမိ၏လည်ချောင်းကို ချောင်းဟန့်လိုက်သည်။-အယ်ဒီတာ]ခွင့်လွှတ်ပါ။

အခန်းငယ် (၂၄)......ဖြစ်ပါသည်။အခန်းငယ် (၁၅) ဖြစ်ပါသည်။

နုတ်ကပတ်တော်ကိုဖတ်ရန် ဆန္ဒရှိပါသည်။ ထို့ကြောင့်ပရောဖက်ဒံယေလ ဟောသည့်အတိုင်း ဖျက်ဆီးတတ်သောရွံ့ရှာဖွယ်အရာသည်သန့်ရှင်းသောအရပ်၌ာန၌စိုက်နေ သည်ကို သင်တို့မြင်ရလျှင် ကျမ်းစာကိုကြည့်သောသူသည်နားလည်ပါစေ။

ထိုသို့ဖြစ်ရလျှင် ယုဒပြည်၌ရှိသောသူတို့သည် တောင် ပေါ်သို့ပြေးကြစေ။အိမ်မိုးပေါ်မှာရှိသောသူသည် အိမ်ထဲကဥစ္စာကိုယူခြင်းငှာ မဆင်းစေနှင့်။လယ်၌ရှိသောသူလည်း မိမိအဝတ်ကိုယူခြင်းငှာ နောက်သို့မပြန်စေနှင့်။

ထိုနေ့ရက်၌ကိုယ်ဝန်ဆောင်သောမိန်းမနှင့် နို့စို့သူငယ်ရှိသောမိန်းမတို့သည်အလွန်ခက်ကြလိမ့်မည်။ သင်တို့ပြေးရသောအချိန်သည် ဆောင်းကာလ၌မကျဥပုဒ်နေ့လည်းမကျမည်အကြောင်း ဆုတောင်း ကြလော့။ အကြောင်းမူကား ကမ္ဘာဦးမှစ၍ယခုတိုင်အောင်မဖြစ်စဖူး။ နောက်၌လည်းမဖြစ်လတ္တံ့သော ကြီးစွာသောဒုက္ခသည်ထိုကာလ၌ဖြစ်လိမ့်မည်။ ထိုကာလ တာရှည်လျှင် အဘယ်သူမျှမလွတ်နိုင်ရာ။ ရွေးချယ်သောသူတို့အဘို့အလို့ငှာ ထိုကာလ သည်တိုလိမ့်မည်။ ထိုအခါ သူတစ်ပါးကဤအရပ်၌ခရစ်တော်ရှိသည်၊ ထိုအရပ်၌ရှိသည်ဟုဆိုသော်လည်း မယုံကြနှင့်။ အ ကြောင်းမူကားခရစ်တော်၏အယောင်ကို ဆောင်သောသူနှင့် မိစ္ဆာပရောဖက်တို့သည် ပေါ်လာ၍ရွေးချယ်သောသူတို့ကိုပင် လှည့်ဖျားနိုင်လျှင် လှည့်ဖျားလောက်အောင်ကြီးစွာသောနိမိတ်လက္ခဏာ အံ့ဘွယ်သောအမှုတို့ကို ပြုကြလိမ့်မည်။ ထိုအကြောင်းအရာ ကိုငါပြောနှင့်ပြီ။ ထို့ကြောင့် သူတို့က ခရစ်တော်သည် တော၌ရှိသည်ဟုဆိုသော်လည်းမထွက်သွားကြနှင့်။ တိုက်ခန်း၌ရှိ သည်ဟုဆိုသော်လည်း မယုံကြနှင့်။ ကိုယ်တော်သည်အရှေ့မှဖြတ်၍ အနောက်တိုင်အောင် ထွန်းလင်းသကဲ့သို့ လူသားသည် ကြွလာတော်မူလတ္တံ့။အသေကောင်ရှိရာ၌ ရွှေလင်းတတို့သည် စုဝေးကြလတ္တံ့။

10 ၁၀။ အကြောင်းအရာတစ်ခုအနေနှင့်ကျွန်တော်အခန်းငယ် (၂၄)ကို အဓိကထားလေ့လာ၍ ကျွန်ုပ်တို့၏ဥပုဒ်စာဖြေကျောင်းသင်ခန်းစာအကြောင်း ယနေ့မနက်လေ့လာကြပါစို့။ တစ်ဖန် ကျွန်တော်ပြန်၍ဖတ်ကြည့်သောအခါသေချာစွာနားထောင်ကြပါ။ အကြောင်းမူကား ခရစ်တော်၏အယောင်ကိုဆောင်သောသူနှင့်မိစ္ဆာပရောဖက်တို့သည်ပေါ်လာ၍ ရွေးချယ်သောသူတို့ကိုပင် လှည့်ဖျားနိုင်လျှင်လှည့်ဖျားလောက်အောင် ကြီးစွာသော နိမိတ်လက္ခဏာ အံ့ဘွယ်သောအမှုတို့ကို ပြုကြလိမ့်မည်။

ယနေ့မနက် အကြောင်းအရာ သို့မဟုတ်တရားဟောချက်မှာ 'နောက်ဆုံးသောကာလ၌ဘိသိတ်ခံသူများ' ဟုကျွန်တော် ကအမည်ပေးလိုပါသည်။ဤအကြောင်းအရာကို ကျွန်တော်ပြောလိုပါသည်။ နုတ်ကပတ်တော် ဟောပြောချက်မှာ 'နောက် ဆုံးသောကာလ၌ ဘိသိတ်ခံသူများ' ပင် ဖြစ်ပါသည်။

11 ၁၁။ နောက်ဆုံးသောကာလတွင်ကျွန်တော်တို့ အသက်ရှင်နေထိုင်ရကြောင်း ကျွန်တော်တို့ ယုံကြည်ပါသည်။ ကျွန်တော်အများဆုံးစဉ်းစားပါသည်။.....သမ္မာကျမ်းစာဖတ်ရှုလေ့လာသူ (သို့)ယုံကြည်သူတို့သိရှိကြသည်မှာ ကမ္ဘာ့သမိုင်း၏ အဆုံးပိုင်း အချိန်သို့ ယခုအခါမှာရောက်ရှိနေကြောင်း သိကြရပါသည်။ ရေးသားရသော်လည်း အသုံးမဝင်ပါ။ အကြောင်းမှာသမ္မာကျမ်းစာ ကိုဖတ်ရန် မည်သူမှ မရှိခြင်းကြောင့်ပင်ဖြစ်ပါသည်။ နောက်ဆုံးသောအချိန်ရောက်နေပြီဖြစ်ပါသည်။ မည်သည့်အချိန်မှာ ဖြစ်ကြောင်း ကျွန်တော်မသိပါ။ မည်မျှကြာမည်ကိုလည်းမသိနိုင်ပါ။ အချိန်၊နာရီ၊မိနစ်ကိုပင် ကောင်းကင်တမန်တို့ပင် မသိကြရပါ။ သခင်ယေရှုကကျွန်ုပ်တို့အား

ပြောပြပါသည်။ ဤအရာများဖြစ်ပေါ်နေသည်ကို တွေ့ရပါက အချိန်ကာလ နီးကပ်လာပြီကိုသိရပါသည်။ ကျွန်ုပ်တို့အတွက် ကယ်တင်ရာနေ့ရက်ကာလ နီးလာပြီဖြစ်ကြောင်း သိရပါသည်။ ‘နီးကပ်လာပြီ’ ဆိုသည့် အဓိပ္ပါယ်ကို ကျွန်တော်မသိပါ။အဓိပ္ပါယ်မှာ........

12 ၁၂။ တစ်နေ့ကတယ်လီဗွီးရှင်းတွင် သိပ္ပံပညာရှင်များ ပြောသကဲ့သို့ မိုင်ထောင်ပေါင်းများစွာမြေကြီးထဲမှာ မြုပ်သွားမည်အကြောင်းပြောပါသည်။ သူ့အားမေးခွန်းမေးသောအခါ ‘မြုတ်သွားနိုင်ပါသည်’ ‘ဟုတ်ရဲ့လား’ ဟုဆိုသည်။ အနောက်ဖက် ကမ်းခြေ ဖြစ်သည့် Lost Angeles ကိုဆိုလိုခြင်းဖြစ်ပါသည်။သင်တို့အများစုကလည်း ရေဒါဖြင့်ဖမ်းယူကြသည်ကို တွေ့ကြရပါ မည်။ ....အထက်သို့တက်သွားပြီး SanJose အောက်ပိုင်းတွင် ဝင်ရောက်သွားပါသည်။ အာလာစကာကို ဖြတ်ကျော်သွား၍ Alutian ကျွန်းများတစ်လျှောက် မိုင်ပေါင်းနှစ်ရာခန့် ပင်လယ်ထဲသို့ ရောက်သွားပါသည်။ San Diego သို့ပြန်လည်ရောက်ရှိလာပါသည်။ LosAngeles နောက်ပိုင်းမှ ပတ်သွား၍ ပြန်တက်လာပါသည်။ ကြီးမားသောအပေါက်ကြီး ဖြစ်ပေါ်လာပါသည်။

ဤကဲ့သို့ကြီးမားသောမြေငလျှင်လှုပ်မှုကြီးများ ဖြစ်ပေါ်လာပြီး အတွင်းမှာကဲ့သို့မီးတောင်ပေါက်ကွဲသည့် ကြီးမားသည့် တွင်းကြီးများဖြစ်ပေါ်လာပါသည်။ သူတို့ခေါ်သောအမည်မျိုး ကျွန်တော်မခေါ်နိုင်ပါ။ ဤကဲ့သို့ မြေငလျှင်လှုပ်မှုကြီးမျိုးကိုအနောက်ဘက်ကမ်းခြေမှာ နှစ်ပေါင်းများစွာ ဖြစ်ပေါ်လာခဲ့ပါသည်။ ကမ်းတစ်လျှောက်လုံးအက်ကြောင်းများဖြစ်သွားပါသည်။ သိပ္ပံပညာရှင်များကလည်း ပြောဆိုကြပါသည်။ တစ်ခါက.....

13 ၁၃။ လူတစ်ဦးကအခြားတစ်ဦးကိုပြောဆိုပါသည်။ ‘မဖြစ်နိုင်ပါဘူး’ သူက ‘မဖြစ်နိုင်ဘူး၊ ဒါပေမယ့် ဖြစ်ကိုဖြစ်လာလိမ့်မယ်’

‘ကျွန်တော်တို့ခေတ်မှာတော့မဟုတ်ပါဘူး’ ‘နောက်ထပ်ငါးမိနစ်အတွင်းမှာဘဲလားဆိုတာတော့ဘယ်အချိန်ဆိုတာ ကျွန်တော်တို့ မသိကြပါဘူး’

ယခုအပတ် သတင်းစာထဲတွင်ခေါင်းစဉ်အမဲကြီးများနှင့် ဖော်ပြခြင်းခံရပါသည်။ဒေါ်လာရာပေါင်းများစွာတန်ဖိုးရှိသော အိမ်များပျက်စီးဆုံးရှုံးပြီး လူများလည်းပြောင်းရွှေ့သွားကြပါသည်။သူတို့ဘယ်လိုရပ်တန့်ရမည်ကို သူတို့မသိကြတော့ပါ။ ရပ်တန့်ရမည့်နည်းလမ်းလည်း မရှိပါ။ဘုရားသခင်က အလိုတော်အတိုင်း သူပြုလိုသည့် မည်သည့်အရာကိုမဆို ပြုလုပ်နိုင်ပါသည်။မည်သို့ပြုလုပ်ရမည်ဟု မည်သူကမျှ ကိုယ်တော်ရှင်ကို မပြောနိုင်ပါ။

သင်သည် အိမ်မ်များဆောက်လုပ်ပါသည်။သိပ္ပံနည်းကျ အရာများပြုလုပ်နိုင်သည်။ ဘုရားသခင်သည်လည်း သိပ္ပံကိုဖန် တီးသူဖြစ်ပါသည်။ သင်မည်သို့ ဘုရားရှင်ကိုရပ်တန့်စေပါမည်နည်း ? ဤကမ္ဘာမြေကြီးကိုကိုယ်တော်ရှင်က ယနေ့မနက်တွင်ပင် လေး (Fleas) ကောင်များအားဖြင့်ဖျက်ဆီးပြစ်နိုင်ပါသည်။ အလိုတော်ရှိပါက ဘာကိုမဆိုပြုလုပ်နိုင်ပါသည်။ လေးများကိုကိုယ်တော်ရှင်က နုတ်မြွတ်ခြင်းအားဖြင့် ဖန်တင်းနိုင်သည်။ နာရီဝက်အတွင်းမိုင်ပေါင်း(၄၀) ထူထပ်စွာပေါက်ပွားလာကြ၍ မြေကြီး ပေါ်မှာ လူသားများကိုစားပစ်နိုင်ပါသည်။ ကိုယ်တော်ရှင်သည် ဘုရားဖြစ်ပါသည်။ ကိုယ်တော်အလိုတော်တိုင်းဖြစ်ပါသည်။ ကိုယ်တော်ရှင်သည် အချုပ်အချာအာဏာ ပိုင်ဆိုင်တော်မူသော အရှင်ဖြင်သည်။

14 ၁၄။ ဤကဲ့သို့သောအထောက်အထားများကိုတွေ့မြင်ခြင်းအားဖြင့် ကျွန်တော်တို့နေထိုင်သော အချိန်ကာလကို ပြန်လည်၍ ဆန်းစစ်လေ့လာရန် ကောင်းသည်ဟုကျွန်တော်ထင်ပါသည်။ တံဆိပ်များကို ဖွင့်လိုက်သည်နှင့် ဤအရာများနှင့်ပက်သက်၍အမှန်တရားကို တွေ့မြင်နိုင်ပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့နှင့်ပက်သက်၍အလွန်သစ္စာရှိပါသည်။ ကျေးဇူးတော်နှင့် ပြည့်စုံ၍ ဤအရာများကိုလည်း ကျွန်တော်တို့အားပြသရန်ပင် ဖြစ်ပါသည်။

မဿဲ(၂၄) တွင် သင့်အားသတိပြုစေလိုပါသည်။သခင်ယေရှုက ‘ခရစ်တော်များ’ဟု သုံးနှုန်းထားပါသည်။ ခရစ်တော်မဟုတ်ပါ။ ခရစ်တော်များဖြစ်ပါသည်။ အများဖြစ်သည်။ အနည်းမဟုတ်ပါ။ ထို့ကြောင့်ခရစ်တော်တည်းဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ ‘ဘိသိတ်ခံသောသူ’ဟု အဓိပ္ပါယ်ရပါသည်။ ‘ဘိသိတ်ခံရပါက’ တစ်ဦးတည်းမဟုတ်ပါ။ အများဖြစ်ပေမည်။ ‘ဘိသိတ်ခံရသူများစွာ ’ဖြစ်ပါသည်။

ကိုယ်တော်ရှင်ကပြုလုပ်လိုလျှင်အနည်းနှင့်အများ ကျွန်တော်တို့ ပိုမိုနားလည်ရန်လိုအပ်ပါသည်။ ကိုယ်တော်ရှင်မိန့်တော် မူသည်မှာ ‘နောက်ဆုံးသောနေ့ရက်များတွင်ဘိသိတ်ခံရသူ အတုအယောင်များစွာ ပေါ်ထွက်လာမည်’ဟု ဆိုထားပါသည်။ မဖြစ်နိုင်ဟု ထင်ရပါသည်။ ‘ဘိသိတ်ခံရသူ’ဆိုသောဝေါဟာရများကိုကြည့်ပါ။ သို့သော်လည်း နောက်ထပ်စကားလုံးများကို သတိထား၍ကြည့်ပါ။ မိစ္ဆာပရောဖက်များဖြစ်ပါသည်။အများဆုံးနာမ်ဖြစ်သည့် ပရောဖက်များပင်ဖြစ်ပါသည်။

15 ၁၅။ ဘိသိတ်ခံရသူများသည် ‘သတင်းစကားပို့ဆောင်သူ’ ပင်ဖြစ်ပါသည်။ ဘိသိတ်ခံရသူသာသတင်းစကားကို ဆောင်ယူနိုင်မှာဖြစ်သည်။ ဘိသိတ်ခံရသော ပရောဖက်ပင်ဖြစ်သည်။ ‘မှားယွင်းသော ဘိသိတ်ခံရသူဆရာများပေါ်ထွက်လာနိုင်ပါသည်။ ပရောဖက်က သူ၏သတင်းစကားကို သွန်သင်ပေးပါသည်။ ဘိသိတ်ခံရသောဆရာများဖြစ်ပါသည်။ မှားယွင်းသော သွန်သင်မှု များပေးသည့် ဘိသိတ်ခံရသူများဖြစ်ပါသည်။ဘိသိတ်ခံရသူများ ’ခရစ်တော်များ‘ အများဆုံးနာမ် ’ပရောဖက်များ‘ အများနာမ်ဖြစ်ပါသည်။ ခရစ်တော်ကဲ့သို့သောပုဂ္ဂိုလ်တစ်ဦးတည်းရှိပါက ခရစ်တော်တစ်ပါးတည်းရှိပါက ’ဘိသိတ်ခံရသူများ‘ လည်းဖြစ်ရပေမည်။ သူတို့သွန်သင်ပေးသောပရောဖက်ပြုချက်မှာ ကွာခြားပါမည်။ အကြောင်းမှာ သူတို့သည် ဘိသိတ်ခံရသူများဖြစ်သောကြောင့်ပေတည်း။

16 ၁၆။ ဥပုဒ်စာဖြေသင်ခန်းစာဖြစ်ပါသည်။အမှန်တစ်ကယ်ဖော်ပြနိုင်ရန်အတွက် ကျွန်တော်တို့လိုလားကြပါသည်။ ကျမ်းချက်များအားဖြင့်ဖြစ်ပါသည်။ တစ်စုံတစ်ယောက်သောသူကပြောပြခြင်းအားဖြင့် မဟုတ်ပါ။ သမ္မာကျမ်းစာကိုဖတ်ရှုခြင်းအားဖြင့်သာ ဖြစ်ပါသည်။ ဤအရာမည်သို့ဖြစ်နိုင်ပါသနည်း။? ဘိသိတ်ခံရသူများ......ဟုသင်ပြောနိုင်ပါသည်။

သူတို့သည် ဘာဖြစ်ပါသနည်း ? ခရစ်တော်များဖြစ်သည်။ဘိသိတ်ခံများဖြစ်ပါသည်။ ‘ခရစ်တော်နှင့်မိစ္ဆာပရောဖက်များ ဖြစ်ကြပါသည်။ ’ သခင်ယေရှုက ‘မိုးရေသည်ဖြောင့်မတ်သူများနှင့် မဖြောင့်မတ်သူများ နှစ်မျိုးစလုံးအပေါ် ကျရောက်ပါသည်။ ’

တစ်စုံတစ်ယေယာက်သူကကျွန်တော်အားပြောပါသည်။ ‘သန့်ရှင်းသောဝိညာဉ်တော်ဘိသိတ်ပေးခြင်းဟုလူများကိုဘိ သိတ်ပေးသည်ကို သင်ယုံကြည်ပါသလား ?စစ်မှန်သော သန့်ရှင်းသောဝိညာဉ်တော်သည် သက်ရောက်ပါသည်။ သို့သော်လည်းအတုယောင်ဖြစ်ပါသည်။

သေချာနားထောင်ပြီး သူဘာပြောသည်ကိုကြည့်ပါ။ ‘သူတို့က အံ့ဘွယ်နိမိတ်လက္ခဏာများကို ပြသမည်ဖြစ်ပါသည်။ဖြစ်နိုင်လျှင် ရွေးချယ်ထားသောသူများကိုပင်လျှင် လှည့်ဖျားမည်ဖြစ်ပါသည်။ ’ စစ်မှန်သော သန့်ရှင်းသောဝိညာဉ်တော်ဖြင့်ဘိသိတ်ခံခြင်းပင်ဖြစ်ပါသည်။ အလွန်မိုက်မဲရာကျကြောင်း ကျွန်တော်သိပါသည်။ ကျွန်တော်တို့အချိန်ယူ၍ နုတ်ကပတ်တော် အားဖြင့် ရှင်းလင်းပြသပါမည်။ ‘သမ္မာတရား ’ ကိုယ်တော်ရှင်မိန့်တော်မူသည်မှာ အတိအကျအမှန်အကန်ပင်ဖြစ်ပါသည်။

17 ၁၇။ ကျွန်တော်တို့၏သမ္မာကျမ်းစာကိုဖွင့်၍ ကြည့်ကြပါစို့။ မဿဲအခန်းကြီး (၅) ကိုစတင်၍ဖတ်ကြည့်ပါ။ဤကျမ်းပိုဒ်များကို အနည်းငယ်ဖတ်ကြည့်ကြပါစို့။ ဤနေရာသို့ရောက်ပြီးနောက်ကျွန်တော်တို့သင့်ကို ပေးပါမည်။.......အားလုံးကိုမဖတ်နိုင်ပါက သမ္မာကျမ်းစာကိုယူဖတ်ကြည့်ပါ။ ပြီးလျှင်သင်တို့ အိမ်ပြန်နိုင်ပါသည်။သမ္မာကျမ်းစာကပြောထားသည်ကိုဖတ်ပါ။

18 ၁၈။ ယခုအချိန်ယူရန်အတွက်အခြေခံအချက်ရရှိရန် ကျွန်တော်က စကားပြောဆိုပါသည်။ ဆရာအတုအယောင်မှာ သန့်ရှင်း သောဝိညာဉ်တော်ကို မည်သို့ဘိသိတ်ပေးနိုင်ပါသနည်း ? သခင်ယေရှုက ဘာဖြစ်မည်ကိုပြောပြပါသည်။

မဿဲ(၅း၄၅) ကို ဖတ်ကြည့်ကြပါစို့။အခန်းငယ် (၄၄) မှစတင်၍ ဖတ်ကြည့်ကြပါစို့။ ငါပညတ်သည်ကား သင်တို့သည် ကောင်းကင်ဘုံ၌ ရှိတော်မူသော သင်တို့အဖ၏သားဖြစ်လို၍ သင်တို့၏ရန်သူကိုချစ်ကြလော့။ သင်တို့ကို ကျိန်ဆဲသော သူတို့ အားမေတ္တာပို့ကြလော့။ သင်တို့ကို မုန်းသောသူတို့အား ကျေးဇူးပြုကြလော့။ သင်တို့ကိုနှောင့်ယှက်ညှင်းဆဲသော သူတို့အတွို့ ဘုရားသခင်ထံ ဆုတောင်းကြလော့။ အကြောင်းမူကားကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် ကောင်းသောသူ၊ မကောင်းသောသူတို့အပေါ်၌ကိုယ်တော်၏နေကို ထွက်စေတော်မူသည်။ ဖြောင့်မတ်သောသူ၊ မဖြောင့်မတ်သောသူတို့အပေါ်၌မိုးကို ရွာစေတော်မူ၏။ သင်တို့ကိုချစ်သော သူတို့အားသာ ချစ်တုံ့ပြုလျှင်အဘယ်ကျေးဇူးတင်သနည်း။ အခွန်ခံသူတို့ပင် ဤမျှလောက်ပြုကြသည်မဟုတ်လော။ (ကောင်းသောသူမကောင်းသောသူတို့အပေါ်သို့မိုးရွာချသည်။)

19 ၁၉။ ဤအရာနှင့်ပက်သက်၍အခြားပရောဖက်ပြုချက်တစ်ခုနှင့် ပက်သက်ပြီး ဟေဗြဲဩဝါဒစာအခန်းကြီး(၆) ကိုဖတ်ရှုလေ့လာနိုင်ပါသည်။ သခင်ယေရှုပြောဆိုခဲ့သည့်အရာနှင့်ပက်သက်၍ရှင်ပေါလုကပြန်လည်ပြောကြားထားသည်ကို တွေ့ရပါသည်။ ပေါလုကဆိုပါသည်။ သင်ရှာဖွေလေ့လာနေသောအခါ......အသံဖမ်းရန်အတွက် ပြင်ပသို့ရောက်နေသောအခါ ကျမ်းစာများကိုမိမိတို့အနားတွင်ချထားပြီး စာရွက်ကလေးတစ်ရွက်ကိုယူ၍ကြည့်ပါ။ ဟေဗြဲအခန်းကြီး (၆)ဖြစ်သည်။ ပေါလုက ဟေဗြဲတို့ကို ရေးသားပေးပို့ခြင်းဖြစ်ပါသည်။ သူတို့အားအရိပ်များပြပြီးပုံစံများဖော်ပြထားပါသည်။ ယုဒဘာသာမှနေ၍ ခရစ်ယာန်ဘာသာသို့ ဆောင်ယူခဲ့ခြင်းဖြစ်ပါသည်။ ဟောင်းသောအရာများသည်နောင်လာမည့်အရာများကို ကြိုတင်နိမိတ်ဆောင်နေကြောင်း ဖော်ပြထားခြင်းပင်ဖြစ်ပါသည်။ ဟေဗြဲ (၆)တွင်ပေါလုကဆိုထားပါသည်။ ထို့ကြောင့် သေခြင်းနှင့် စပ်ဆိုင်သောအကျင့်ကို နောင်တရခြင်း၊ ဘုရားသခင်ကိုယုံကြည်ခြင်း၊သေလွန်သောသူတို့ထမြောက်ခြင်း၊ ထာဝရစီရင်ဆုံးဖြတ်ခြင်းတည်းဟူသော မူလအမြစ်ကိုငါတို့သည် ပြန်၍မတည့်ဘဲ ခရစ်တော်၏ဘာသာ၌ အစအဦးဖြစ်သော အကြောင်းအရာတို့တို့ကိုထား၍စုံလင်သောအဖြစ်သို့ တက်ကြကုန်အံ့။ ဘုရားသခင်အခွင့်ပေးတော်မူလျှင် ငါတို့သည်ထိုသို့ပြုကြမည်။ အလင်းသို့တစ်ခါရောက် ၍ ကောင်းကင်ဆုကျေးဇူးကိုမြည်းစမ်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူခြင်း၊ သင်တို့ကို ကျွန်တော်ကြားဖြတ်၍ ပြောလိုပါသည်။ ‘ဆုကျေးဇူး ’ ဟုဆိုထားသည်။ ‘ဆုကျေးဇူးများ ’ ဟုရေးထားခြင်းမဟုတ်ကြောင်းသတိပြုမိပါသလား ? သို့သော်လည်း ‘ကောင်းကင်ဆုကျေးဇူး ’ မှာတစ်ခုတည်းဖြစ်ပါသည်။ ‘ခရစ်တော် ’ တစ်ဦးတည်း ‘ဆုကျေးဇူး ’ တစ်ခုတည်းဖြစ်ပါသည်။

.......အလင်းသို့တစ်ခါရောက်၍ကောင်းကင်ဆုကျေးဇူးကိုမြည်းစမ်းခြင်း၊ သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူခြင်း၊ဘုရားသခင်၏ ကောင်းမြတ်သောတရားစကားကိုငှင်၊ နောင်ကပ်ကာလ၏ တန်ခိုးများကိုငှင်း မြည်းစမ်းခြင်းရှိပြီးမှရွေ့လျော့ဖောက်ပြန် သောသူတို့သည်မိမိတို့တွင် ဘုရားသခင်၏သားတော်ကို လက်ဝါးကပ်တိုင်မှာ ကွပ်မျက်၍ အသရေတော်ကိုရှုတ်ချသောသူ ဖြစ်သောကြောင့် နောက်တစ်ဖန်နောင်တရအံ့သောငှာ အသစ်ပြုပြင်ခြင်းသို့မရောက်နိုင်ကြ။ ဥပမာကား အကြင်မြေသည် မိမိ အပေါ်သို့ အဖန်ဖန်ကျသော မိုးရေကိုသောက်၍လုပ်သောသူသုံးဖို့ ဟင်းသီးဟင်းရွက်ကို ဖြစ်စေတတ်၏။ ထိုမြေသည် ဘုရားသခင်၏ကောင်းကြီးမင်္ဂလာကိုခံတတ်၏။ အကြင်မြေသည် ဆူးပင်အမျိုးမျိုးကို ဖြစ်စေတတ်၏။ထိုမြေသည်ပြုစုခြင်းကို မခံထိုက်။ ကျိန်ခြင်းကိုခံရသောအချိန်နီးသည်ဖြစ်၍နောက်ဆုံး၌ မီးရှို့ခြင်းသို့ရောက်တတ်၏။

20 ၂၀။ (မဿဲ၅း၂၄)နှင့် တစ်ဖန်ထပ်မံ၍ နှိုင်းယှဉ်ကြည့်ပါ။ သခင်ယေရှုမိန့်တော်မူသည်အတိုင်းမိုးနှင့်နေတို့သည် မြေကြီး ပေါ်သို့ သက်ရောက်ပါသည်။ ဘုရားသခင်ကအစားအသောက်ကိုပြင်ဆင်ပေးပါသည်။ ကမ္ဘာမြေကြီးပေါ်ရှိ လူသားများအားပြင်ဆင်ပေးရန်အတွက် ဖြစ်ပါသည်။ မိုးရေမှာ အစားအသောက်နှင့်သစ်ပင်ခြုံနွယ်များအတွက်ဖြစ်ပါသည်။ သို့သော်လည်းကွင်းထဲတွင်ပေါင်းပင်ခြုံပင်များလည်း အလားတူကိုသာ လက်ခံရရှိပါသည်။ထိုမိုးရေများကပင် ပေါင်းပင်များကို ကြီးပွားစေပါ သည်။

21 ၂၁။ ထိုတစ်ခါတည်းအတွက်နှင့်ကျွန်တော်သည် သင်ခန်းစာရခဲ့ပါသည်။ ပထမဆုံးအကြိမ် ပင်တေကုတ္တေများနှင့် တွေ့ခဲ့ရစဉ်ကဖြစ်ပါသည်။ ကျွန်တော်အတွက် ကြီးမားသောသင်ခန်းစာပင်ဖြစ်ပါသည်။ကျွန်တော်လူနှစ်ဦးကိုတွေ့ခဲ့ပါသည်။.....ယခင်က တစ်ခါမှ အခြားသောဘာသာစကားပြောသည်ကို မကြားခဲ့ရပါ။ တစ်ဦးက အခြားသောဘာသာစကားပြော၍ တစ်ဦးက အနက်ဖွင့် ဆိုပါသည်။

အပြန်အလှန်ပြုလုပ်ကြပါသည်။ အမှန်တရားကိုပြောရမည်ဆိုလျှင် ‘ယနေ့ည ဤနေရာမှာရှိသူများ နောင်တရဖို့လိုပါသည်။ အမျိုးသား အမျိုးသမီးနှစ်ဦးစလုံးပင်ဖြစ်ပါသည်။’ လူများမတ်တပ်ထရပ်၍ပလ္လင်ရှေ့သို့သွားပါမည်။ ‘ကြီးမြတ်လှပါသည်’ ဟုကျွန်တော်စဉ်းစားမိသည်။

22 ၂၂။ သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးအားဖြင့်ကျွန်တော်တို့ လူများကိုစကားပြောပါသည်။ စိတ်ဝိညာဉ်တို့ကို ပိုင်းခြား နားလည်နိုင်၍အနည်းငယ်သိရှိခွင့်ရပါသည်။ သူတို့ထဲမှတစ်ဦးမှာစစ်မှန်သောခရစ်ယာန်တစ်ဦးပင်ဖြစ်ပါသည်။ သူသည် ခရစ်တော်၏ အစစ်အမှန်ဖြစ်ပါသည်။ ကျန်တစ်ဦးမှာသူတော်ကောင်းယောင်ဆောင်သူဖြစ်ပါသည်။ ထိုသူတော်ကောင်း ယောင်ဆောင်သူ မှာဆံပင်အနက်ရှိသည့် အမျိုးသမီးနှင့်လည်း သားသမီးမွေးဖွားထားသူဖြစ်သည်။ရူပါရုံတွင်တွေ့ရပါသည်။ ငြင်းပယ်၍မရနိုင်ပါ။ ကျွန်တော်က ထိုအကြောင်းကိုသူ့အားပြောပါသည်။ သူက ကျွန်တော်ကိုကြည့်ပြီး အဆောက်အဦးကိုပတ်၍ လျှောက်လိုက်ပါ သည်။

23 ၂၃။ ကျွန်တော်စိတ်ရှုပ်ထွေးသွားပါသည်။ကောင်းကင်တမန်များထဲသို့ ကျွန်တော်ရောက်နေသည်ဟု ကျွန်တော်ထင်ပါ သည်။ နတ်ဆိုးများအကြားတွင်မဟုတ်ကြောင်း ကျွန်တော်သိရသဖြင့် ကျေနပ်မိပါသည်။မည်သို့ဖြစ်နိုင်ပါသနည်း? ကျွန်တော်နားမလည်နိုင်ပါ။ နှစ်ပေါင်းများစွာ ကျွန်တော်ကလက်များကို ဖယ်ရှားထားပြီးတစ်နေ့သောအခါမှာ........

ကျွန်တော်၏သမီးနှင့်အတူသွားသောဂျော့ခ်ျစမစ်ဆိုသော လူကလေးနှင့် မနေ့ကအတူသွားကြပါသည်။ ကျွန်တော်သွား ၍ဆုတောင်းနေကျနေရာဖြစ်သည့် စက်ရုံဟောင်းတွင်ဖြစ်ပါသည်။

နှစ်ရက်ခန့် ထိုနေရာမှာနေပြီးနောက်သန့်ရှင်းသောဝိညာဉ်တော်က ဤကျမ်းချက်ကို ကျွန်တော်ထံပြန်၍ ဆောင်ယူလာ ပြန်ပါသည်။ ‘မိုးရေသည် ရံဖန်ရံခါမြေပြင်ပေါ်သို့ကျရောက်ပြီး သစ်ပင်ခြုံနွယ်များကို စိုပြေလှပစေပါသည်။ ဆူးပင်ပေါင်းပင်များ လည်း အလားတူမိုးရေဖြင့်သာ အသက်ရှင်ခွင့်ရပါသည်။ နောက်ဆုံးမှာ မီးရှို့ဖျက်ဆီးခြင်းခံရပေမည်။’ ဘုရားသခင်၏ အသက် ပေးပိုင်သော အရင်းအမြစ်အားဖြင့်အသက်ရှင်ခွင့်ရပြီး ကျွန်တော်ကထိုအရာကို နားလည်ခွင့်ရပါသည်။ သခင်ယေရှုမိန့်တော်မူသည်မှာ ‘သူတို့၏အသီးများအားဖြင့်သူတို့အားသိခွင့်ရပါသည်။’

24 ၂၄။ ကမ္ဘာပေါ်ရှိအသီးနှံပင်များပေါ်သို့ ကျရောက်သောမိုးရေသည် ထာဝရအသက်ပေးသောဝိညာဉ်မိုးရေကဲ့သို့ပင်ဖြစ်ပါ သည်။ အသင်းတော်ပေါ်သို့ကျရောက်ပြီး ကျွန်ုပ်တတို့ကအရင်မိုးနှင့် နောက်ပိုင်းမိုးဟု ခေါ်ဆိုကြပါသည်။ ဘုရားသခင်၏ ဝိညာဉ် တော်က လောင်းချလိုက်သော မိုးရေဖြစ်ပြီး ကိုယ်တော်ရှင်၏အသင်းတော်ပေါ်သို့ ကျရောက်ပါသည်။

25 ၂၅။ အလွန်ထူးဆန်းသောအကြောင်းအရာပင်ဖြစ်ပါသည်။ ထိုမျိုးစေ့သည် မြေကြီးထဲသို့ဝင်သွားသောအခါဘယ်နည်းနဲ့ဖြစ် ဖြစ်ဝင်ပါစေ။ ၎င်းတို့မှာ စတင်ရမည့်ဆူးပင်များပင် ဖြစ်ပါသည်။မြေကြီးထဲသို့ ဝင်သွားသော ဂျုံပင်နှင့်ချုံနွယ်များလည်း ဆေးဖက် ဝင်အပင်များဖြစ်ပေါ်လာရန်ပင် ဖြစ်ပါသည်။ အပင်တစ်ပင်စီမှာ မိမိဖာသာထွက်ပေါ်လာ၍တစ်ဖန်မူလအစအဦးဖြစ်သကဲ့သို့ ဖော် ပြထားပါသည်။

‘ဖြစ်နိုင်လျှင်ရွေးချယ်ထားသော သူများကိုပင်လျှင် လှည့်ဖျားမည်ဖြစ်သည်’ သူတို့သည် အလားတူမိုးရေကိုပင် ရရှိပါသည်။ အလားတူ ကောင်းချီးမင်္ဂလာဖြစ်၍ အလားတူနိမိတ်လက္ခဏာများကို ပြသခြင်းဖြစ်ပါသည်။အလားတူ အံ့ဘွယ်ရာများပင် ဖြစ်ပါသည်။ ‘သူတို့ကလှည့်ဖျားမည်။ ဖြစ်နိုင်လျှင် ရွေးချယ်ထားသော သူများကိုပင်လျှင်လှည့်ဖျားသွားမည်ဖြစ်ပါသည်။’ ဆူးပင် မှာဆူးပင်ဖြစ်သောကြောင့် ဘာမှမတတ်နိုင်ပါ။ အစအဦးကတည်းကနေသည်မျိုးစေ့ကို မှည့်ဝင်းစေရန်စေလွှတ်ခြင်း ခံရပါသည်။ တစ်ခုစီကိုဖန်ဆင်းတော်မူသော ဖန်ဆင်းရှင်၏ အစအဦးကတည်းက အလိုတော်ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ခန္ဓာကိုယ်များမှာ လည်း ထိုမှတစ်ဆင့် ဖန်ဆင်းခြင်းပင်ဖြစ်ပါသည်။

26 ၂၆။ နေသည်နံနက်ပိုင်းတွင် ပေါ်ထွက်လာက ကမ္ဘာကြီးကိုဖြတ်၍ အလင်းရောင်ကို ပျံ့နှံ့စေသည်။ ကမ္ဘာကြီးမှာနေ့အ ချိန်ကိ ု ရရှိပြီး ကျွန်ုပ်တို့နေထိုင်ရပါသည်။ ထို့နောက် ထိုနေသည်အရှေ့ဝန်းမှရောင်နီပေါ်၍ အနောက်ဖက်သို့ တိုးဝင်သွားသည်။ နေ၏အ လင်းရောင်သည်စပါးသီးများကို ဝင်းမှည့်စေသည်။ ကျွန်ုပ်တို့ခန္ဓာကိုယ်အတွက်လည်းအကျိုးဖြစ်ထွန်းစေသည်။

27 ၂၇။ ကျွန်ုပ်တို့သည်သေနေသောအရာဝတ္ထုအားဖြင့် အသက်ရှင်နေခြင်းပင်ဖြစ်ပါသည်။ ထိုနည်းတစ်နည်းအားဖြင့်သာကျွန်ုပ်တို့အသက်ရှင်နိုင်ပါသည်။ နေ့စဉ်နှင့်အမျှ တစ်စုံတစ်ရာကသင့်အားအသက်ရှင်စေပါက သဘာဝအား ဖြင့်မမှန်ကန် တော့ပါ...သင် ၏ခန္ဓာကိုယ်မှာ အသေကောင်အားဖြင့် အသက်ရှင်ခြင်းဖြစ်၍ သဘာဝအသက်တာအတွက်သင့်မှာဝိညာဉ် ရေးရာအရ တစ်စုံတစ်ရာကို လိုအပ်လျက်ရှိပါသည်။ သင်၏ဝိညာဉ်အသက်တာကိုကယ်တင်ရန်အတွက်ဖြစ်ပါသည်။ ဘုရားသခင်သည် ကိုယ်ခန္ဓာရုပ် ဝတ္ထုအားဖြင့် အသေခံ၍ကျွန်ုပ်တို့အသက်ရှင်ခွင့်ရစေရန်အတွက်ပင်ဖြစ်ပါသည်။ အသင်းတော် မရှိပါ။ဘုရားသခင်မှတစ်ပါး လော ကတွင် မည်သည့်အရာကမှ သင့်ကိုမကယ်တင်နိုင်ပါ။ထိုနည်းတစ်နည်းအားဖြင့်သာ သူတို့အသက်ရှင်ခွင့်ရပါသည်။

သမ္မာကျမ်းစာကိုလေ့လာကြည့်ပါ။သခင်ယေရှုသည်နှုတ်ကပတ်တော်ဖြစ်ပါသည်။ ‘အစအဦး၌နှုတ်ကပတ်တော်ရှိသည်။ နှုတ်ကပတ်တော်သည် လူ့ဇာတိကိုခံယူ၍ ကျွန်ုပ်တို့နှင့်အတူ ကျိန်းဝပ်တော်မူသည်။ အစအဦး၌နှုတ်ကပတ်တော်ရှိသည်။ နှုတ်က ပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိတော်မူသည်။နှုတ်ကပတ်တော်သည် လူ့ဇာတိကိုခံယူ၍ ကျွန်ုပ်တို့အလယ်တွင် ကျိန်းဝပ်တော်မူပါသည်။’ ‘လူသည်မုန့်အားဖြင့်သာ အသက်ရှင်သည်မဟုတ်ပါ။ ရုပ်ခန္ဓာကိုယ်အတွက် အသက်ရှင်ခြင်းဖြစ်ပါသည်။’ သို့သော်လည်းဘုရားသခင်၏ နှုတ်ကပတ်တော်မှထွက်သော စကားလုံးတိုင်းအတွက် အသက်ရှင်ခြင်းဖြစ်ပါသည်။နှုတ်ကပတ်တော်အားဖြင့် အသက်ရှင်၍ ထိုနှုတ်ကပတ်တော်မှာလည်း ဘုရားသခင်ဖြစ်ပါသည်။

28 ၂၈။ နေအားဖြင့်စပါးနှံများကို မှည့်ဝင်းစေပါသည်။ တစ်ကြိမ်တည်းတစ်ခါတည်းနှင့်အားလုံးကိုမှည့်ဝင်းစေခြင်းမပြုနိုင်ပါ။ ဆက်လက်၍

ရင့်ကျက်လာသောအခါအဆက်မပြတ်မှည့်ဝင်းခြင်းများဖြစ်လာပြီး စပါးနှံတစ်ခုလုံးဝင်းမှည့်သွားပါသည်။

ယနေ့အသင်းတော်လည်းထိုနည်းငှင်းပင်ဖြစ်ပါသည်။ ကလေးဘဝကစတင်ခဲ့ရပါသည်။ နောက်ပိုင်း အမှောင်ခေတ်ထဲ သို့ပြန်ရောက်သွားပါသည်။ မြေကြီးအောက်ပြန်ရောက်သွားခြင်းပင်ဖြစ်ပါသည်။ ယခုအခါရင့်ကျက်မှုဖြစ်လာပါသည်။ ကျွန်တော်တို့ ပြတ်သားစွာ တွေ့မြင်နေရသောအရာမှာသဘာဝအားဖြင့် အမြဲတမ်းဘုရားသခင်က မည်သို့ဆောင်ရွက် ခြင်းပင်ဖြစ်ပါသည်။

သင်သည် သဘာဝကိုဆန့်ကျင်၍မရပါ။ယနေ့ထိုသို့ဖြစ်ပျက်နေခြင်းပင်ဖြစ်သည်။ ကျွန်တော်တို့မှာ ပျံလွှားသွားလာနေ သော ဖုံးများပင်ဖြစ်ပါသည်။ထိုပင်လယ်ကြီးထဲတွင် အဏုမြူဖုံးများပျံ့ကြဲဖောက်ခွဲလျက်ရှိပါသည်။တစ်ချိန်လုံးသင်သည် ထိုအ မှိုက်သရိုက်အညစ်အကြေးများကို ဖောက်ခွဲဖျက်ဆီးနေဆဲပင်ဖြစ်ပါသည်။ သင်က သစ်ပင်များကို ခုတ်ဖြတ်ပါသည်။ သင့်အား မုန် တိုင်းတိုက်ခိုက်ပေလိမ့်မည်။ရေကာတာများတည်ဆောက်ပြီး ဆည်ဖို့ပါက မြစ်ရေလျှံတက်လာပေလိမ့်မည်။

ဘုရားသခင်၏နည်းလမ်းကိုသင်တို့ရှာဖွေရန်လိုအပ်ပါသည်။ ထိုနည်းလမ်းအတိုင်းနေထိုင်ရပါမည်။ အသင်းတော်များနှင့် အဖွဲ့အစည်းများအတွင်း ကျွန်တော်တို့က လူအများကို ဂိုဏ်းဂဏဖွဲ့ပြီးထားပါသည်။ဘာဖြစ်လာသည်ကိုကြည့်ပါ။ ဘုရားသခင်ပြင် ဆင်ပေးသည့် နည်းလမ်းအတိုင်းသာအသက်ရှင်နေထိုင်ပါ။

29 ၂၉။ ‘ကိုယ်တော်ရှင်က မိုးကိုရွာသွန်းစေပါသည်။’ ပြန်၍ ကျွန်တော်တို့ပြောသောအရာကိုအဓိပ္ပာယ်ဖွင့်ဆိုပါက တရားသော သူ၊ မတရားသောသူတို့အပေါ်သို့ မိုးရွာစေပါသည်။သခင်ယေရှုက ဤနေရာမှာ သင့်အားဖော်ပြပြောဆိုပါသည်။ မဿဲ (၂၄) ဖြစ် ၍နောက်ဆုံးသောအချိန်တွင် နိမိတ်လက္ခဏာဖြစ်စေပါသည်။

နောက်ဆုံးသောအချိန်တွင်ဤနိမိတ်လက္ခဏာသည်သာလျှင် တစ်ခုတည်းအသိအမှတ်ပြုရမည့် နည်းလမ်းဖြစ်ပါက ထိုတံဆိပ်များကို ဖွင့်ပြီး နောက်ပိုင်းမှသာဖြစ်ရပေမည်။ နောက်ဆုံးသောအချိန်၏ နိမိတ်လက္ခဏာပင်ဖြစ်ပါသည်။ဤအဖြစ်အပျက် များဖြစ်ပေါ်လာပါက နောက်ဆုံးအချိန်တွင်ဖြစ်ပေါ်ပါမည်။နိမိတ်လက္ခဏာဖြစ်ပေလိမ့်မည်။ ဤအရာများနှင့်ပတ်သက်၍ ရွေးချယ် ခြင်းခံရသူများကစိတ်ရှုပ်ထွေးစရာများဖြစ်မည်မဟုတ်တော့ပါ။ သင်သဘောပေါက်ပါသလား။ ဖော်ပြခြင်းခံရရန်အတွက် လိုအပ်ပါသည်။

30 ၃၀။ ဂျုံနှင့်အတူပေါင်းပင်များလည်း ကောင်းကင်မှအလားတူ ဘိသိက်အားဖြင့် သက်ရှင်ခွင့်ရကြပါသည်။နှစ်ဦးစလုံး ထိုဘိ သိက်ကြောင့် ဝမ်းမြောက်ကြရပါသည်။ ထိုအကြောင်းအရာနှင့်ပတ်သက်၍ဂရင်း၏စက်တွင် ကျွန်တော်ကြုံတွေ့ရသောအဖြစ်အ ပျက်ကို ပြန်လည်သတိရမိပါသည်။ထိုရှုပါရုံပေါ်လာသည်ကို ကျွန်တော်တွေ့ရပါသည်။ ကြီးမားသောကမ္ဘာမြေထုကြီးကိုတွေ့ရပါသည်။ ကမ္ဘာ့မြေတစ်ခုလုံး စိမ်းလန်းစိုပြေနေပါသည်။မျိုးစေ့ကြဲသူထွက်လာပါသည်။ ပထမဆုံးသင်တို့ကို ဖြစ်စေလိုပါ သည်။ ပထမဆုံးဘာထွက်သွားသည်ကိုကြည့်ပါ။ ဤလူသားသည် အဖြူရောင်ဝတ်ဆင်လျက် ကမ္ဘာကြီးပေါ်မှာ ပတ်သွားပြီးမျိုး စေ့များကြဲချ ပါသည်။ သူ့နောက်မှ အနက်ရောင်ဝတ်ဆင်ထားသူတစ်ဦးရောက်လာပြီးလျက်မြန်ဖျတ်လတ်၍ ဟိုကြည့်ဒီကြည့်နှင့် နောက်မှနေ ပြီးပေါင်းပင်များကိုမျိုးကြဲချလိုက်ပါသည်။ ထိုသို့ဖြစ်ပျက်နေသည်ကိုတွေ့ရပြီးနောက်နှစ်မျိုးစလုံးအပင်ပေါက်လာ ပါသည်။ ပေါက် လာသောအပင်များမှာဂျုံပင်နှင့်ပေါင်းပင်နှစ်မျိုးစလုံးပေါက်လာခြင်းဖြစ်ပါသည်။

မကြာမီ မိုးမရွာတော့ဘဲနေသောအခါမှာဂျုံပင်နှင့်တကွ ပေါင်းပင်များပါ ခေါင်းငိုက်စိုက်ချလျက် မိုးရေကိုမျှော်နေသည့်နှယ် ဖြစ်ရပါသည်။ မကြာမီမြေကြီးပေါ်မှာ ကြီးမားသောမိုးတိမ်ကြီးဖြစ်ပေါ်လာသည်။ငှင်းနောက် မိုးရွာချသည်။ ပေါင်းပင်များ ခေါင်းထောင်လာပြီး ပြောပါသည်။ ‘ဘုရားရှင်ကိုချီးမွမ်းပါသည်။ဘုရားရှင်ကို ချီးမွမ်းပါသည်။’ ပေါင်းပင်များခေါင်းထောင်လာပြီး အော်ပါတော့သည်။ ‘ဘုရားရှင်ကိုချီးမွမ်းပါသည်။ဘုရားရှင်ကိုချီးမွမ်းပါသည်။ ဂျုံပင်များကလည်း ခေါင်းထောင်လာပြီး အော်ဟစ် ကြပါသည်။’ ဘုရားရှင်ကို ချီးမွမ်းပါသည်။ဘုရားရှင်ကို ချီးမွမ်းပါသည်။ ‘ရလဒ်များအတူတူပင်ဖြစ်သည်။နှစ်မျိုးစလုံး ကွယ်ပျောက် သွားမည်ဖြစ်သည်။ နှစ်မျိုးစလုံးထွက်ခွာသွားကြမည်ဖြစ်ပါသည်။ ထို့နောက် ဂျုံပင်များပေါက်လာပြီးရေငတ်ကြပါ သည်။ တွင်းတစ်တွင်းထဲမှာဖြစ်နေသဖြင့် ဥယျာဉ်တစ်ခြံတည်းမှာဖြစ်သဖြင့်တစ်မိုးအောက်မှာသာဖြစ်သဖြင့် ဂျုံပင်နှင့်ပေါင်း ပင်များမှာ တစ်မျိုးတစ်စားတည်းပေါက်ပွားလာကြခြင်းဖြစ်ပါသည်။ တူညီသောဘိသိက်ရေက ဂျုံပင်ကိုလည်းကြီးထွားလာစေ ပါသည်။

31 ၃၁။ အသင်းတော်ကိုဘိသိက်ပေးသောအလားတူသန့်ရှင်းသောဝိညာဉ်တော်မှာလည်း ဝိညာဉ်များကို ကယ်တင်လိုသော ဆန္ဒအားသူတို့ကိုပေးပါသည်။ နိမိတ်လက္ခဏာများကို ဖြစ်စေသောတန်ခိုးကိုလည်းသူတို့အားပေးပါသည်။ ဖြောင့်မတ်သော သူပေါ် သို့ကျရောက်သကဲ့သို့မဖြောင့်မတ်သောသူအပေါ်မှာလည်း သက်ရောက်ပါသည်။ တစ်ခုတည်းသောဝိညာဉ်တော်ပင်ဖြစ်ပါသည်။ အခြားနည်းလမ်းဖြင့် မဿဲ ၂၄း၂၄ ကိုနားလည်နိုင်ရန်သင်မပြုလုပ်နိုင်ပါ။ ကိုယ်တော်ရှင်မိန့်တော် မူသည်မှာ ‘ခရစ်တော်အတုများ ပေါ်ထွက်လာမည်’ ဟူ၍ဖြစ်ပါသည်။ အတုယောင်ဘိသိက်ခံရသူများဖြစ်ပါသည်။ စစ်မှန်သော အရာဖြင့် ဘိသိက်ပေးခြင်းခံရသူ ဖြစ်ပါသည်။ သို့သော်လည်း နှုတ်ကပတ်တော်၏ မိစ္ဆာပရောဖက်များဖြစ်ကြပါသည်။ နှုတ်က ပတ်တော်၏မှားယွင်းသော သွန်သင် သူဆရာများဖြစ်ကြပါသည်။

မှန်ကန်သောအရာတစ်ခု၏မှားယွင်းသောသွန်သင်သူဖြစ်စေရန် လူသားတစ်ဦးကို ဘယ်အရာကပြုလုပ်ပါသနည်း။ မိနစ်အနည်းငယ်အတွင်း ကျွန်တော်တို့သားရဲ၏တံဆိပ်အကြောင်း လေ့လာကြပါမည်။ ငှင်းမှာဂိုဏ်းဂဏဖြစ်ကြောင်း သင်သိရပေ မည်။ မှားယွင်းသောသွန်သင်သူများ၊မှားယွင်းသောအတုအယောင်၊ ဘိသိက်ခံရသူများဖြစ်ပါသည်။ ဘိသိက်ခံခရစ်တော် များဖြစ်သည်။ သို့သော်လည်း မှားယွင်းသော အတုအယောင်ဆရာများ ဖြစ်ကြပါသည်။ သင်သိစေနိုင်သောတစ်ခုတည်းသော နည်းလမ်းပင်ဖြစ် ပါသည်။

32 ၃၂။ မကြာသေးမီကာလကကျွန်တော်ကိုးကားပြောဆိုခဲ့ပါသည်။ တစ်နိုင်ငံလုံးနှင့် အဘယ်ကြောင့်ဆဲလ်နှင့်ကျွန်တော်

ချိတ်မိနေသည့်ပုံစံဖြစ်နေပါသနည်း။ တစ်နေ့သောအခါမှာကျွန်တော်သည် မိတ်ဆွေတစ်ဦးနှင့် စကားပြောနေပါသည်။ အာရီဇိုး နားတွင်ယနေ့မနက်ပေါ်ပေါက်လာပါသည်။ ထိုသူမှာ ချဉ်သီးစိုက်ပျိုးရေးခြံရှိပါသည်။ သူ့မှာလိမ္မော်ပင်တစ်ပင်ရှိ ထိုအပင်မှ စပျစ်သီးသီးပါသည်။ သံပယိုသီး၊ ပန်းလိမ္မော်သီးအသေးစားကလေးများသီးပါသည်။ ထိုတစ်ပင်ထဲမှာ အသီးဘယ်နှမျိုးရှိ ကြောင်း ကျွန်တော်မေ့နေပါပြီ။ ကျွန်တော်က သူ့အားပြောပါသည်။ ‘ဘယ်လိုနေသလဲ? ဘယ်လိုသစ်ပင်အမျိုးအစားမျိုး ဖြစ်ပါ သလဲ’

သူ၏အပြောမှာ ‘သစ်ပင်မှာတော့လိမ္မော်ပင်အမျိုးအစားသာဖြစ်ပါသည်။’ ကျွန်တော်က ‘ဘာကြောင့်စပျစ်သီးသီးရတာလဲ’ ဟုမေးသည်။ ‘ကိုင်းကူးပြီး စိုက်ထားလို့ဖြစ်ပါတယ်’ ဟု သူကပြောသည်။ ကျွန်တော်က ‘ကျွန်တော်ကောင်းကောင်း နားလည်ပါပြီးနောက်တစ်နှစ်မှာ အဲဒီအပင်ဟာ တခြားအပင်တွေနဲ့ တစ်ဖန်ပြန်ပြီး သီးလာတဲ့အခါမှာအားလုံးလိမ္မော်သီး တွေပဲဖြစ်ကြမှာပါ’ ဟုကျွန်တော်က ပြောပါသည်။ တစ်ချိန်ထဲမှာ မှည့်ကြမှာဖြစ်တယ်။ ‘မူရင်းကတော့ လိမ္မော်သီးဖြစ်တဲ့အတွက်သူ့ရဲ့မျိုးရိုးချက်တိုင် ဖြစ်တဲ့ လိမ္မော်သီးကိုပဲသီးပါတယ် ဟုတ်တယ် မဟုတ်လား။’ ကျွန်တော်ကမေးလိုက်ပါသည်။ သူက ‘မဟုတ်ပါဘူး။ ကူးထားတဲ့ ကိုင်းတိုင်းကမိမိတို့နဲ့သက်ဆိုင်တဲ့ အသီးကိုသာသီးကြပါလိမ့်မယ်’ ဟုဖြေပါသည်။ ကျွန်တော်က ‘လိမ္မော်ပင်ကနေ သံပယိုကိုင်း ကူးထားတဲ့အကိုင်းကနေပြီးသံပယိုသီးပဲ သီးလာမှာဖြစ်ပါသလား’ ဟုမေးလိုက်သည်။ သူက ‘ဟုတ်ပါတယ်ဆရာ၊ဆရာ’ ဟုဖြေ သည်။ ‘အဲဒီလိမ္မော်ပင်ကနေ စပျစ်ကိုင်းကစပျစ်သီးသီးလာမှာလား?’

သူက ‘ဟုတ်ပါတယ် ဆရာ။ ကိုင်းကူးထားတဲ့ကိုင်းရဲ့သဘာဝအတိုင်းပဲဖြစ်ပါတယ်။’ ဟုဖြေသည်။ ကျွန်တော်က ‘ဘုရားဘုန်းတော်ထင်ရှားပါစေ’ သူက ‘ခင်ဗျားဘာကိုဆိုလိုတာလဲ’

ကျွန်တော်က ‘မေးခွန်းတစ်ခုမေးပါရစေ။အဲဒီလိမ္မော်ပင်ဟာ လိမ္မော်သီးထပ်ပြီး သီးပါဦးမလား?’ သူက ‘နောက်ထပ်အကိုင်းတစ်ကိုင်းထပ်ထွက်လာရင်သီးမှာပါ’ ဟုဖြေသည်။ နောက်ထပ်အကိုင်းတစ်ကိုင်း ထပ်ထွက်လာမှဖြစ်ပါသည်။ နောက်ထပ်အကိုင်းတစ်ကိုင်းထပ်ဆက်မှ မဟုတ်ပါ။ သို့သော်လည်း သူတို့အားလုံးမှာချဉ်သီးပင်အမျိုးများသာဖြစ်ကြပါသည်။ ချဉ်သီးပင်ထဲတွင် ရှိသော ချဉ်သီးအသက်တာဖြင့်အသက်ရှင်နေခြင်းပင် ဖြစ်ပါသည်။

33 ၃၃။ ကျွန်တော်က ‘သင်သိထားရပါမည်။မက်သဒစ်များက အချိန်တိုင်းမက်သဒစ်များကိုသာ ဆောင်ယူလာပါမည်။ နှစ်ခြင်း များကလည်းအမြဲတမ်းနှစ်ခြင်းများကိုသာ ဆောင်ယူလာပါမည်။ ကတ်သလစ်များကလည်း ကတ်သလစ်များကိုသာဆောင်ယူ လာပါမည်။ သို့သော်လည်း အသက်ရှင်တော်မူသော ဘုရားသခင်၏အသင်းတော်မှာအရင်းအမြစ်မှစ၍ ခရစ်တော်ကိုသာ ထုတ် လုပ်မည်ဖြစ်ပါသည်။ အချိန်တိုင်းအခါတိုင်းနှုတ်ကပတ်တော်ကို ပေါ်လွင်စေပါသည်။ မိမိဖာသာ မိမိ၏အကိုင်းတစ်ခုကို ထုတ်လုပ်သည့်အခါတွင်သာ ဖြစ်ပါသည်။

34 ၃၄။ သင်ကကိုင်းကူး၍ရပါသည်။ စပျစ်သီး၊ သံပယိုသီး၊ ပန်းလိမ္မော်သီး၊ဘာချဉ်သီးအမျိုးအစားပဲဖြစ်ပါစေ သူတို့သည် ထို သစ်ပင်တစ်ခုတည်းပေါ်မှာသီးနိုင်ပါသည်။ သစ်ပင်ပေါ်မှာနေ၍ ထိုသစ်ပင်အတွက် မုသားသက်သေခံပေးနေခြင်းပင်ဖြစ်ပါသည်။ သင်သဘောပေါက်ပါသလား?ထိုသစ်ပင်ထဲတွင် ရှိသောစစ်မှန်သော အသက်တာပေါ်တွင် သူတို့အသက်ရှင်နေထိုင်ကြခြင်းဖြစ်ပါသည်။

မဿဲ၂၄း၂၄ တွင် အစအဦး၌တူညီသောအသက်တာဖြင့် အသက်ရှင်ခြင်းဖြစ်ပြီး မမှန်ကန်ကြောင်း ဖော်ပြထားပါသည်။ထိုအပင်အတွက် မမှန်ကန်ကြောင်း ဖော်ပြထားပါသည်။ ထိုအပင်အတွက် မမှန်သောသက်သေကိုခံနေကြခြင်းဖြစ်ပါသည်။ လိ မ္မော်ပင်ဖြစ်ပါသည်။ ချဉ်းသီးပင်ဖြစ်ပါသည်။ သူတို့က ‘ဤအသင်းတော် ဤဂိုဏ်းဂဏခရစ်တော်အကြောင်းသက်သေခံသည်’ ဟု ဆိုပါသည်။ မှားယွင်းသောဗတ္တိဇံ၊ နှုတ်ကပတ်တော်၏မှားယွင်းသောသက်သေခံကြပါသည်။ဘုရားသခင်၏ တန်ခိုးတော်မှာ တမန်တော်များအတွက်သာ ဖြစ်သည်ဟုဆိုကြပါသည်။

သခင်ယေရှုကိုယ်တော်တိုင်မိန့်တော်မူပါသည်။ ‘သင်တို့သည်လူမျိုးတကာတို့ထံသွား၍ အကိုင်းအခက်တိုင်းကို ဧဝံဂလိ တရားဟောပြောပါ... သစ်ပင်တိုင်း၊ အကိုင်းတိုင်း အပင်တွင်တည်နေစေရန် ဖြစ်ပါသည်။ဤနိမိတ်လက္ခဏာများမှာ စစ်မှန်သော အကိုင်းများ ပေါ်ထွက်လာရန်ပင်ဖြစ်ပါသည်။ အကိုင်းများဖျာထွက်နေသမျှ ကာလပတ်လုံးဖြစ်ပါသည်။ ကပ်ကမ္ဘာကုန်ဆုံးသည် တိုင်အောင်ဖြစ်ပါသည်။ ’ ငါ၏နာမ၌နတ်ဆိုးတို့ကိုနှင်ထုတ်လိမ့်မည်။ အသစ်သောဘာသာစကားကို ပြောလိမ့်မည်။ မြွေများကိုပင်ကိုင်ကြမည်။ သေစေနိုင်သောအရာများကို သောက်ကြလိမ့်မည်။ ဖျားနာသူများအပေါ် လက်ကိုတင်၍ သူတို့သည် အနာရောဂါ ငြိမ်းလိမ့်မည်။ ‘ကျွန်ုပ်တို့ အသက်ရှင်နေထိုင်သောအချိန်ကို ကြည့်ပါ။ သခင်ယေရှုဘာ ပြောသည်ကိုကြည့်ပါ။ သဘောပေါက်ပါ သလား?

35 ၃၅။ နောက်ဆုံးသောအချိန်ရောက်နေပါပြီ။ဝက်စလီ၏ခေတ်ကာလမဟုတ်ပါ။ ယခုအချိန်မှာ ပြီးဆုံးချိန်ဖြစ်သဖြင့် ပျက်ရမည့်အချိန်ပင်ဖြစ်ပါသည်။

သမ္မာကျမ်းစာကိုလေ့လာကြည့်ပါ။သူတို့ကိုသက်သေခံစေပါ။ သခင်ယေရှုမိန့်တော်မူသည်မှာ သမ္မာကျမ်းစာကိုလေ့လာ ကြည့်ပါ။ ‘သင်ယုံကြည်၍စဉ်းစားနိုင်ပါသည်။သင်သည်ထာဝရအသက်ကိုရပါသည်။ သူတို့သည် ငါ့အကြောင်းကိုသက်သေခံ သည်။’ ဟုဆိုသည်။ ‘တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် ဤသစ်ပင်သည်အကိုင်းထွက်လာပါက.......’ ‘ငါသည်စပျစ်နွယ်ပင်ဖြစ်၍ သင်တို့သည် အကိုင်းများဖြစ်ကြပါသည်။ ငါ့ကိုယုံကြည်သောသူသည်ငါပြုသောအမှုတို့ကို ပြုကြလိမ့် မည်။’ (ရှင်ယောဟန် ၁၄း၁၂)

36 ၃၆။ ‘ငါ၌တည်သောသူ......အစအဦးကတည်းကငါ၏အရင်းအမြစ်ဖြစ်သောသူ’ ဟုဆိုထားပါသည်။

ထိုအကြောင်းကြောင့် သခင်ယေရှုမှာဒါဝိတ်၏အမြစ်နှင့် အနွယ်အများဖြစ်ရခြင်းဖြစ်ပါသည်။ ကိုယ်တော်သည် ဒါဝိတ်မရှိ ခင်ကရှိနှင့်ပြီးဖြစ်ပါသည်။ ဒါဝိတ်၌၊ ဒါဝိတ်နောက်ပိုင်းနှစ်မျိုးလုံးဖြစ်ပါသည်။ဒါဝိတ်၏အမြစ်နှင့် အနွယ်များ နှစ်မျိုးစလုံးဖြစ်ပါ သည်။ မိုးသောက်ကြယ်၊ရှာရွန်နှင်းဆီ၊ မိုးကုတ်လီလီ၊ အာလဖ နှင့် အောမေဃ၊ ခမည်းတော်၊ သားတော် နှင့်သန့်ရှင်းသော

ဝိညာဉ်တော်ပင်ဖြစ်ပါသည်။ 'ကိုယ်တော်ရှင်၌ဘုရားသခင်၏ ခန္ဓာကိုယ်အရ အချုပ်အချာ ဦးစီးမှုအပြည့်အဝရှိပါသည်။' ဒါဝိတ်၏ အမြစ်အနွယ်များနှစ်မျိုးစလုံးပင်ဖြစ်ပါသည်။

'ကိုယ်တော်ရှင်တည်းဟူသောရွေးချယ်တော်မူသည့် အသက်တာ၊ ကြိုတင်ခွဲခန့် မှတ်သားထားသော အသက်တာ သည် ငါ၌ရှိသည်။' ကိုယ်တော်ရှင်သည် နတ်ကပတ်တော် ဖြစ်တော်မူသည်။ 'အစအဦးမှစ၍ သူထွက်လာပြီး ငါ၏အသိီးများကိုသီးမည်။' (ယောဟ ၁၄း၁၂)

အခြားသောသူများလည်း ထိုနည်းအတိုင်းပင်အသက်ရှင်ပါမည်။ သူတို့ကိုယ်သူတို့ ခရစ်ယာန်များ ယုံကြည်သူများဟု ခေါ်ဆိုကြပေမည်။ 'သခင် သခင်ဟုခေါ်ဆိုသူတိုင်းဝင်ခွင့်ရမည်မဟုတ်ပါ။'

နောက်ဆုံးသောကာလတွင် ဖြစ်ပျက်၍ဖော်ပြခြင်းခံရမည့် အရာများဖြစ်ပါသည်။ 'ဘုရားသခင်၏နက်နဲရာများ ပြီးဆုံး မည့်အချိန်'ဖြစ်သည်။အနည်းငယ်သော အချိန်ကာလအတွင်းဖြစ်သည်။

37 ၃၇။ ဤသစ်ပင်များသည်စစ်မှန်သောစပျစ်နွယ်ပင်နှင့် မှားယွင်းသောစပျစ်နွယ်ပင်တို့ ဖြစ်ကြပါသည်။လွန်ခဲ့သော နှစ်အနည်းငယ်ခန့်ကတည်းက ငါဟောပြောခဲ့သည်ကို သင်တို့ကြားခဲ့ကြပြီးဖြစ်ပါသည်။ အတူတကွ သူတို့ ကြီးထွားလာခဲ့ကြပါသည်။ တစ်ဦးစီသက်သက်ထွက်ပေါ်လာကြပြီး ကာဣန နှင့် အာဗေလတည်းဟူသော အကိုင်းနှစ်ကိုင်းယဇ်ပလ္လင်မှာ ဆုံတွေ့ကြပါ သည်။ သူတို့နှစ်ဦးစလုံးမှာ ဘာသာတရားကိုင်းရှိုင်းကြသည်။နှစ်ဦးစလုံးဘိသိတ်ခံရသည်။ နှစ်ဦးစလုံး အသက်တာကို အလိုရှိကြသည်။ တူညီသောဘုရားကိုသာကိုးကွယ်ကြသည်။ တစ်ဦးမှာငြင်းပယ်ခံရ၍ တစ်ဦးမှာ လက်ခံခြင်းခံရသည်။

လက်ခံခြင်းကို ခံရသောသူပြုလုပ်သည့်ပုံစံနှင့်ကွာခြားမည်မှာ တစ်ခုတည်းသော အကြောင်းအရာပင်ဖြစ်ပါသည်။ သူ့အားကြိုတင်ဖော်ပြထားခြင်းဖြစ်ပါသည်။ သမ္မာကျမ်းစာဆိုထားသည်မှာ 'ယုံကြည်ခြင်းအားဖြင့်......'ဖြစ်သည်။ ဟေဗြဲအခန်း ကြီး(၁၁) 'ယုံကြည်ခြင်းအားဖြင့် အာဗေလကဘုရားသခင်အား ပိုမိုကောင်းမွန်သောယဇ်ကို ကာဣနထက်သာ၍ ပူဇော်သဖြင့် ဘုရားသခင်က သူ့အားဖြောင့်မတ်သည်ဟုသတ်မှတ်သည်။'

သခင်ယေရှုမိန့်တော်မူသည်မှာသူသည်မည်သူဖြစ်ကြောင်း ဝိညာဉ်ရေးရာအရ ဖော်ပြပါသည်။ 'ငါတည်းဟူသော လူ သားကို အခြားသူများက မည်သူဟုဆိုပါသနည်း။' ပေတရုက ကိုယ်တော်သည် အသက်ရှင်တော်မူသောဘုရားသခင်၏ သားတော် ခရစ်တော်ပင်ဖြစ်သည် 'ဟုဆိုပါသည်။

ယောန၏သားရှိမုန်_ 'ဘုရားသခင်ကောင်းကြီးပေးပါစေ။' အသွေးအသားသည်ဤအရာကို သင့်အားဖော်ပြမည်မ ဟုတ်ပါ။ ကောင်းကင်ဘုံ၌ရှိသောငါ၏အဖကဖော်ပြခြင်းပင်ဖြစ်ပါသည်။ ဤကျောက်ပေါ်မှာ ငါ၏အသင်းတော်ကို ငါတည် ဆောက်မည်။ '(အဘယ်သို့နည်း?) နတ်ကပတ်တော်ကိုစစ်မှန်သောဖော်ပြခြင်း ဖြစ်ပါသည်။ စစ်မှန်သော စပျစ်နွယ်ပင်အ ကြောင်း တွေ့ရပါသည်။ 'အာဗေလမှာ ယုံကြည်ခြင်းအားဖြင့်ဖြစ်သည် '

သင်က 'ဗျာဒိတ်ဖော်ပြချက်မဟုတ်' ဟုဆိုပါသည်။

38 ၃၈။ ယုံကြည်ခြင်းဆိုသည်မှာအဘယ်အရာဖြစ်ပါသနည်း? ယုံကြည်ခြင်းဆိုသည်မှာသင့်အားဗျာဒိတ်ဖော်ပြထားသော အရာ ပင်ဖြစ်ပါသည်။ မဖြစ်သေးသောအရာဖြစ်၍ဖြစ်ပေါ်လာမည်ဟု သင်က ယုံကြည်ပါသည်။ ဘုရားသခင်၏အလိုတော်ကို ဖော်ပြ ခြင်းမှာ ယုံကြည်ခြင်းပင်ဖြစ်ပါသည်။ဗျာဒိတ်တော်အားဖြင့်ဖြစ်ပါသည်။

ယနေ့ခေတ်ကာလ အသင်းတော်များမှာဝိညာဉ်ရေးရာဖော်ပြချက်များကို မယုံကြည်ကြပါ။ အချို့သောစနစ်များ၏ ဩဝါဒ ဆန်သောသွန်သင်ချက်များကို သူတို့ကယုံကြည်ကြပါသည်။ 'ဗျာဒိတ်တော်အားဖြင့်အာဗေလက ကာဣနထက်သာ၍ ကောင်း မွန်သောယဇ်ကိုပူဇော်သဖြင့် ဘုရားသခင်က သူ့အားဖြောင့်မတ်သည်ဟုဆိုသည်။ 'အာမင်။ သင်သဘောပေါက်လိမ့်မည်ဟုကျွန်တော်မျှော်လင့်မိပါသည်။ မည်သည့်နေရာတွင် ကျွန်ုပ်တို့အသက်ရှင်နေထိုင်ကြကြောင်းသဘောပေါက်ပါသလား? အချိန်ကိုသိပါသလာ။?

သိပ်မကြာမီကာလက ကျွန်တော်သည်လူကြီးတစ်ဦးနှင့် စကားပြောခဲ့ပါသည်။ ထိုသူမှာ ခရစ်ယာန်ဓမ္မပညာရှင်ဖြစ်၍လူကြီးလူကောင်းတစ်လည်းဖြစ်ပါသည်။ သူက 'မစ္စတာဘရန်ဟမ်ကျွန်တော်တို့ ဗျာဒိတ်ဖော်ပြအားလုံးကို လက်မခံပါ' ဟုဆို သည်။

39 ၃၉။ ကျွန်တော်က 'ဒါဆိုရင် သင်သည် သခင်ယေရှုခရစ်တော်ကိုငြင်းပယ်ရပါလိ်မ့်မည်။ အကြောင်းမှာ ကိုယ်တော်၌ ဘုရားသခင်၏ဗျာဒိတ်တော်ဖြစ်သောကြောင့် ဖြစ်ပါသည် ဘုရားသခင်သည် လူ့ဇာတိအားဖြင့်ဖော်ပြခံရခြင်းဖြစ်ပါသည်။' သင်သဘောမပေါက်ပါက ကယ်တင်ခြင်းဆုံးရှုံးရပါမည်။

သခင်ယေရှုက 'ငါသည်ထိုသူပင်ဖြစ်သည်ဟု သင်မယုံကြည်ပါကသင်၏အပြစ်၌သင်သေရလိမ့်မည်' ဟုဆိုပါသည်။သူသည် ဘုရားသခင်၏ ဗျာဒိတ်တော်ပင်ဖြစ်ပါသည်။ ဘုရားသခင်၏ဝိညာဉ်တော်ကလူသားပုံသဏ္ဍာန်ဖြင့် ဗျာဒိတ် ဖော်ပြခြင်း ပင် ဖြစ်ပါသည်။ သင်မယုံကြည်နိုင်ပါကကယ်တင်ခြင်းဆုံးရှုံးရပါမည်။ ဘုရားသခင်အပြင် သူ့အားတတိယလူ၊ ဒုတိယလူ သို့မဟုတ်ဘာလူဘဲဖြစ်ဖြစ်လာပါက သင်သည်ပျောက်ဆုံးပြီးဖြစ်သည်။ 'ငါသည် ထိုသူပင်ဖြစ်သည်ဟု သင်မယုံကြည်ပါက သင်၏အပြစ်၌သင်သေဆုံးရပါမည်။' ဗျာဒိတ်ဖော်ပြချက်ပင်ဖြစ်ပါသည်။

40 ၄၀။ ကိုယ်တော်အားမတွေ့မြင်ရသည်မှာ အံ့ဩစရာမဟုတ်ပါ။ ‘ငါ့ခမည်းတော်ကမဆွဲဆောင်နိုင်လျှင် မည်သူမျှငါ့ထံသို့မ လာနိုင်ပါ။’ ငါ့ခမည်းတော်က ငါ့အားပေးထားသမျှ အားလုံးလည်းပါဝင်ပါသည်။အရင်းအမြစ်မှစ၍ ‘ငါ့ထံသို့လာမည်’ သဘော ပေါက်ပါသလား? ကိုယ်တော်ကိုကျွန်တော်တို့ မည်သို့ချစ်ရပါမည်နည်း?မည်သို့ချီးမွမ်းရမည်နည်း?မည်သို့ပျပ်ဝပ်ကိုးကွယ်ရပါ မည်နည်း? နောက်ဆုံးသောနေ့ရက်များတွင် ဝိညာဉ်တော်အသီးများကို တွေ့ကြရပါမည်။သတို့သမီးသစ်ပင်မှာလည်း အချိန်ကာ လ၏ အထွတ်အထိပ်သို့ရောက်သောအခါ မှည့်ဝင်းလာပြီဖြစ်ပါသည်။

41 ၄၁။ စစ်မှန်သောစပျစ်နွယ်ပင်နှင့် အတုအယောင်စပျစ်နွယ်ပင် နှစ်မျိုးစလုံးမှာ တူညီသောဘိသိတ်ပေးခြင်းကိုခံရပါသည်။ သူတို့နှစ်ဦးစလုံးအပေါ်သို့ မိုးရေကျရောက်ပါသည်။ သူသည်ကျွန်ုပ်တို့ကိုသတိပေးသည်မှာ အံ့ဘွယ်ရာမဟုတ်ပါ။ ‘ရွေးချယ်ထား သောသူများကိုယ်ပင်လျှင် ဖြစ်နိုင်လျှင် လှည့်ဖျားမည်။’

သတိပြုရမည့်အချက်မှာတူညီမှုရှိပုံပေါ်ပါသည်။ အတူပင်ဘိသိတ်ခံရပါသည်။သို့သော် သတိပြုပါ။ ‘သူတို့၏အသီးအ ပွင့်အားဖြင့်......’ သင်သည်မည်သို့သိနိုင်ပါမည်း?

လိမ္မော်မဟုတ်ကြောင်းသင်မည်သို့သိနိုင်ပါမည်နည်း?အကြောင်းမှာ ၎င်းသည် စပျစ်သီးသီးသောကြောင့်ဖြစ်ပါသည်။ ထိုစပျစ်နွယ်ပင်သည်ဘာမှမဖြစ်ပါ။ သစ်ပင်ပေါ်မှာရှိနေပါသည်။ သို့သော်လည်း ၎င်းသည်စပျစ်သီးသီးပါသည်။ ပထမအခုကဲ့သို့ မဟုတ်ပါ။

အသင်းတော်က သူတို့သည် ‘သခင်ယေရှုသည် မနေ့ ယနေ့နှင့် ထာဝရကာလအတူတူပင်ဖြစ်ကြောင်းယုံကြည်သည်။’ ဟုဆိုပြီး ကိုယ်တော်၏တန်ခိုးတော်ကို ငြင်းပယ်ခြင်း၊ သူ၏အလုပ်များကိုငြင်းပယ်ခြင်း၊ သူ၏နုတ်ကပတ်တော်ကို ငြင်းပယ်ခြင်း ပြုလုပ်ပါက.....သခင်ယေရှုကိုယုံကြည်သောအသင်းတော်သည်သခင်ယေရှုပြုသောအမှုတို့ကိုပြုလုပ်ပါက သခင်ယေရှု၏အ သက်တာကို ရရှိပေလိမ့်မည်။ထိုသို့မဟုတ်ပါက အသက်တာကိုရရှိပေလိမ့်မည်။ ထိုသို့မဟုတ်ပါက အသက်တာကို သွန်း လောင်းပါကလဲ အကြောင်းမဟုတ်ပါတော့ပါ။အရင်းအမြစ်မှ၍ ကြိုတင်ခွဲခန့်မှတ်သားထားခြင်းမရှိပါက မနေ့၊ယနေ့ နှင့် ထာဝရကာလအတူတူပင် သခင်ယေရှုကိုပင် သီးပွင့်ပါမည်။ အရင်းအမြစ်မှတစ်ဆင့်နုတ်ကပတ်တော်ပေါ်ထွက်လာပါက ထိုသို့ပင်ဖြစ်ရပါမည်။ အချိန်ကာလ၏ အစအဦးဖြစ်သောကိုယ်တော်သည် အရင်းအမြစ်ဖြစ်ပါသည်။

42 ၄၂။ သတိပြုရမည့်အချက်မှာ၎င်းင်းတို့သီးသောအသီးများက ကွာခြားချက်ကို သင့်အားဖေါ်ပြပေမည်။ ‘သူတို့၏အသီးအား ဖြင့် သူတို့ကိုသိရမည်’ ဟုယေရှုကပြောပါသည်။ ‘ဘူးပင်မှစပျစ်သီးကို မဆွတ်ခူးနိုင်ပါ’ စပျစ်နွယ်ပင်ပေါ်မှာ ဘူးကိုင်းဆက်ထားသည့်တိုင် မဖြစ်နိုင်ပါ။ ကိုင်းဆက်နိုင်သည့်တိုင်အောင် အသီးကစကားပြောပေလိမ့်မည်။

အသီးဆိုသည်မှာ အဘယ်အရာဖြစ်ပါသနည်း? နုတ်ကပတ်တော်မှာ ရာသီ၏အသီးပင်ဖြစ်သည်။သူတို့၏သွန်သင်ခြင်း ဖြစ်ပါသည်။ ဘာကိုသွန်သင်ပါသနည်း? ရာသီ၏သွန်သင်ခြင်းဖြစ်သည်။ဘယ်အချိန်ကာလရောက်ပါသလဲ? လူသား၏ဩဝါဒသွန်သင်ချက် ဂိုဏ်းဂဏသွန်သင်မှု သို့မဟုတ်ပါက ရာသီအတွက် ဘုရားသခင်၏ နုတ်ကပတ်တော်ဟုတ်ပါသလား?

ယခုအခါ အချိန်ကုန်လွယ်ပါသည်။ကြာရှည်စွာသက်သေခံနိုင်ပါသည်။ ကျွန်တော်ပြောသောအရာကို သဘောပေါက် မည်ဟုထင်ပါသည်။ ဤနေရာများဘဲဖြစ်ဖြစ်၊ နိုင်ငံ၏အခြားတစ်ဖက်မှာဘဲဖြစ်ဖြစ် နားလည်မည်ဟုယူဆပါသည်။ဆက်လက် ၍နေ ထိုင်ရန် ကျွန်တော်တို့မှာ အချိန်ကြာကြာမရတော့ပါ။

43 ၄၃။ သို့သော်လည်းသင်သဘောပေါက်ရမည့်အရာမှာ ဘိသိတ်သွန်းလောင်းခြင်းမှာ မတရားသောသူ၊မိစ္ဆာဆရာများအပေါ် သို့ သက်ရောက်၍ ဘုရားသခင်ပြောဆိုသည့်အတိုင်းသူတို့ကအတိအကျပြုလုပ်ရန်ဖြစ်လာပါသည်။ ဘယ်လိုဘဲဖြစ်ဖြစ် သူတို့ပြု လုပ်ပါမည်။ အဘယ့်ကြောင့်နည်း? ဘာမှမတတ်နိုင်သောကြောင့်ဖြစ်ပါသည်။ ဘူးပင်မှာ ဘူးကလွဲ၍ အခြားအရာဖြစ်နိုင်ပါ မည်လား? မည်မျှပင်ကောင်းမွန်သော မိုးရေများသူတို့အပေါ်သို့ကျရောက်စေကာမူ ဘူးပင်သာဖြစ်ပေမည်။ သခင်ယေရှုမိန့်တော်မူရသည့်အကြောင်းမှာလည်း ထိုသို့ပင်ဖြစ်ပါသည်။ ‘သူတို့မျာ တူညီလှသဖြင့်ရွေးချယ်ထားသောသူကိုပင် လှည့်ဖျား လိမ့်မည်’ ဟုဆိုထားပါသည်။ ‘ဖြစ်နိုင်လျှင်’ ဟုဆိုထားပါသည်။ အရင်းအမြစ်မှာရှိနေသည့်အရာပင်ဖြစ်ပါသည်။ သို့သော်လည်း မဖြစ်နိုင်သော အနေအထားမှာရှိနေပါသည်။ဂျုံပင်မှာဘာမှမတတ်နိုင်ပါ။ ဂျုံနှံသည် သီးရန်မှတစ်ပါး ဘာမှမတတ်နိုင်ပါ။

44 ၄၄။ ဘုရားသခင်သည်အဖွဲ့အစည်းကို စတင်တည်ထောင်သူမဟုတ်ပါ။ နတ်ဆိုးသည်သာ အဖွဲ့အစည်းကို စတင်တည် ထောင်သူဖြစ်ပါသည်။ ကျွန်တော်ကနုတ်ကပတ်တော်အားဖြင့် အပြန်ပြန်အလှန်လှန် သက်သေပြပြီးဖြစ်ပါသည်။ ယနေ့မနက်ပြန်၍လေ့လာရန်မလိုတော့ပါ။ ဘုရားသခင်က လိုသို့ လူများကို အတူတကွဖွဲ့စည်းခြင်းမပြုလုပ်ကြောင်း ကျွန်တော်တို့သိပါ သည်။ အဖွဲ့အစည်းပြုလုပ်ခြင်းကိုဆိုလိုပါသည်။နောက်ဆုံးတပည့်တော်သေဆုံးပြီး နှစ်ရာပေါင်းများစွာကြာပြီးနောက် ပထမဆုံးအဖွဲ့အစည်းမရှိမီ ဆုံးရှုံးခြင်းကို ကျွန်တော်ကသက်သေပြပါသည်။ မဟုတ်ပါကဘာကြောင့် ကျွန်တော်တို့အတူတကွ ယနေ့မေတ္တာနှင့် နေရပါမည်နည်း? မက်သဒစ်၊ နှစ်ခြင်း၊ပရက်စီးပတေးရီးရန်း၊ ကက်သလစ် ပါဝင်ပါသည်။ ဘာကြောင့် ဘုရား သခင်၏လုပ်ငန်းများကျွန်တော်တို့ကို လိုက်နေရပါသနည်း။?အသင်းတော်တိုင်းမှာ အလားတူပင်ဖြစ်ပါသည်။ နုတ်ကပတ်တော် ဖြစ်ပါသည်။ထိုအရာများမျာ လူသားများကိုကွာစေပါသည်။ ညီအစ်ကိုဖွဲ့ခြင်းဖြစ်သည်......ဘုရားနှင့်ပို၍ဝေးကွာစေပါသည်။

45 ၄၅။ ဟောင်းသောအရာတို့မှာဥပမာများအဖြစ် ဖြစ်ပျက်ခြင်းဖြစ်သည်။ ‘ကျွန်တော်တို့အားသွန်သင်ခြင်း၊အမှားပြင်ဆင်ခြင်း၊ ဆုံးမဩဝါဒပေးခြင်း စသည်တို့အတွက်ဖြစ်ပါသည်’ ဟုကျွန်တော်တို့အားပြောပြထားပါသည်။မဓ္ဓဟောင်းကာလမှ ဟောင်းသော အရာအားလုံးကို ကြိုတင်ဖေါ်ပြထားခြင်းပင်ဖြစ်ပါသည်။မဓ္ဓဟောင်းကာလတွင်သာဖြစ်ပါသည်။

သင်၏လက်ကိုနံရံရှေ့မှာထောင်ထားပြီးအရိပ်ကိုတွေ့မြင်ရသကဲ့သို့ပင်ဖြစ်ပါသည်။ လက်ကိုအလင်းတန်းထိုးသကဲ့သို့ ဖြစ်ပါသည်။ နံရံအရိပ်မှာ လက်ချောင်း (၅) ချောင်းတွေ့ရပါသည်။ ပြောင်းပြန်ပုံရိပ်ဖြစ်ပါသည်။ လက်ကိုရှေ့တိုးလိုက်သောအခါအတည့်ပေါ်လာပါသည်။ ပြောင်းပြန်ကိုဦးတည်၍ လက်ချောင်းငါးချောင်းပုံစံ ပေါ်လာရပါမည်။

46 ၄၆။ ပြန်လည်၍အခြားသောခေတ်ကာလတွင် ဖြစ်ပေါ်လာခြင်း ရှိမရှိ ကြည့်ကြပါစို့။ သင့်မျာဆန္ဒရှိပါသလား? [ပရိသတ်က 'အာမင်' ဟုဆိုပါသည်။_အယ်ဒီတာ]နှုတ်ကပတ်တော်အားဖြင့် အပြန်ပြန်အလှန်လှန်စစ်ဆေးရန် ကျွန်တော်တို့ သိကြရပါမည်။သူ၏အတွေးအခေါ်၊ သီအိုရီအားဖြင့်မဟုတ်ပါ။

သူဘယ်သူဘယ်ဝါဖြစ်ဖြစ်ကျွန်တော်ဂရုမစိုက်ပါ။ ကျွန်တော်ဘဲဖြစ်ဖြစ်၊ မည်သူဘဲဖြစ်ပါစေ 'ပညတ်တရားနှင့် ပရောဖက်အားဖြင့်စကားမပြောပါက သူ့အထဲမှာအလင်းမရှိပါ။' သမ္မာကျမ်းစာဆိုသည့်အရာပင်ဖြစ်ပါသည်။ 'လူတိုင်း၏စကားမှာမှားယွင်းမှုဖြစ်၍ ငါ၏နှုတ်ကပတ်တော်သာ အစစ်အမှန်ဖြစ်ပါစေ။' ဘယ်သူဘဲဖြစ်ပါစေဘုရားရှင်၏နှုတ်ကပတ်တော်သာ အဓိက ဖြစ်သည်။

47 ၄၇။ ကျွန်တော်တို့အားဥပမာပြနိုင်ရန်အတွက် ဖြစ်ပျက်ခဲ့သည်ကို ပြန်လည်၍ လေ့လာကြပါစို့။

ထွက်မြောက်ရာကျမ်းကိုပြန်၍မောရှေအကြောင်းလေ့လာနိုင်ပါသည်။ ဘုရားသခင်ပို့ဆောင်သော ဘိသိတ်ခံပရောဖက် ဖြစ်ပါသည်။သူ့မှာ ဘုရားသခင်၏နှုတ်ကပတ်တော်ရှိ၍ သူ့ခေတ်သူ့အခါအတွက် အလိုတော်လည်းရှိပါသည်။ဘုရားသခင်၏ နှုတ်ကပတ်တော်မှာ အဆက်မပြတ်ဖြစ်သဖြင့် ကိုယ်တော်က သူ၏ပရောဖက်များအားပထမဆုံးအချိန် ဖော်ပြခြင်းမပြုဘဲနှင့် သူကဘာမှမလုပ်ပါ။ ၎င်းနောက်မှကိုယ်တော်ရှင်အမှုပြုပါသည်။ နားလည်ပါသလား?

ကိုယ်တော်ရှင်မလိမ်ညာတတ်ပါ။ လိမ်ညာရင်လည်း ဘုရားမဖြစ်နိုင်ပါ။အမှန်တရားအဖြစ်သာ ရပ်တည်ရပါမည်။ ကိုယ်တော်ရှင်အတွင်း၌ လိမ်ညာမှုမရှိပါ။ကိုယ်တော်သည်...........

သူကမပြောင်းလဲပစ်နိုင်ပါ။သူကပြောင်းလဲပစ်ပါကလည်း သူသည်ဘုရားမဟုတ်တော့ပါ။ သူအမှားပြုလုပ်မိပါသည်။ သူသည်အကန့်အသတ်မရှိပါ။ အကန့်အသတ်မရှိခြင်းက အမှားမပြုလုပ်နိုင်ပါ။ ဘုရားသခင်ကဘာဘဲပြောပြော ထိုအရာမှာ ထာဝရအမှန်အကန်ပင်ဖြစ်ပါသည်။ သူက ထိုအရာကိုဂတိပေးတော်မူပါသည်။ ကြည့်ပါ။ သမ္မာကျမ်းစာထဲတွင် အဆက်မပြတ်ဘယ်မှာမှမတွေ့ရပါ။

48 ၄၈။ ဘုရားသခင်ကအာဗြဟံအား ဂတိပေးတော်မူသည်မှာ သူ၏မျိုးစေ့သည် လူစိမ်းဖြစ်မည်။လူစိမ်းတို့၏နယ်မြေတွင် နှစ်ပေါင်းလေးရာကြာပြီးနောက်ကြီးမားလှသောတန်ခိုးခွန်အားဖြင့် ကိုယ်တော်က ကြီးမြတ်သောလက်တော်ဖြင့် သူ့ကိုကယ်ထုတ်ပါမည်။ သူ၏အံ့ဖွယ်နိမိတ်လက္ခဏာများကို ထိုဒေသရှိလူများကို ပြသမည်ဖြစ်ပါသည်။ဂတိထားတော်မူရာ အချိန်နီးကပ် လာပြီဖြစ်သည်။ လူများကထိုအရာကိုမေ့ပျောက်ပြီဖြစ်သည်။သူတို့မှာ ဖာရိရှဲများ၊ ဇဒ္ဒုကဲများနှင့် ဂိုဏ်းဂဏများစွာရှိပါသည်။ ရုတ်တရက်ဘုရားသခင်တစ်ပါးတည်း သူတို့နှင့်ထူးခြားစွာဖပါ်ထွက်လာပါသည်။

ဘယ်နေ့ရက် ဘယ်အချိန်မှာဖြစ်ဖြစ်ဘုရားသခင်က ဂိုဏ်းဂဏထဲမှ ပရောဖက်ကိုဖော်ထုတ်ခြင်း မပြုလုပ်ပါ။ အလွန်ရှုပ် ထွေးလှသဖြင့် သူမပြုလုပ်နိုင်ပါ။ထိုဂိုဏ်းဂဏဖြင့်သာ သူကနေရပါသည်။

49 ၄၉။ မောရှေမှာဘုရားသခင်စေလွှတ်သောသူဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုဆောင်ယူ၍ ဣသရေလကိုဂတိထားတော်မူရာပြည်သို့ ဆောင်ယူခဲ့၍ တင်းကြပ်သော ဘုရားသခင်၏ဂတိတော်ဖြင့်သူသည်အခြားပရောဖက်တစ်ဦးနှင့် တွေ့ဆုံရပါသည်။ မောရှေအပေါ်သက်ရောက်သော အလားတူသန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဘိသိတ်ခံရသော အခြားပရော ဖက်တစ်ပါးဖြစ်ပါသည်။ မှန်ပါသည်။ သူသည် ပရောဖက်ဖြစ်သည်။သန့်ရှင်းသောဝိညာဉ်တော်က ဤလူအပေါ်သက်ရောက် ပါသည်။ သူသည် ဗာလန်ဖြစ်သည်။ သူနှင့်ကျွန်တော်တတို့ ရင်းနှီးပြီးသားဖြစ်ပါသည်။ သူပြောသောအရာများသည် ယနေ့ဖြစ်ပေါ်နေဆဲဖြစ်ပါသည်။ လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်နှစ်ရာကျော်ကအဖြစ်ပျက်များပင်ဖြစ်ပါသည်။ အိုဣသရေလ 'သင့်အားကောင်းကြီးပေးသောသူသည် ကောင်းကြီးခံစားရမည်။ သင့်အားကျိန်ဆဲသောသူသည် ကျိန်ဆဲခြင်းခံရမည်။' အိုယာ ကုပ်သင်၏ခွန်အား၊ တန်ခိုး၊ဖြောင့်မတ်ခြင်းတို့ ကြီးမားလှပါသည်။ သူ့ကိုယ်သူမကယ်နိုင်ပါ။ သူကြွလာပြီးသူ၏နှလုံးသားထဲတွင် လူများကို ကျိန်ဆို ရန်ပင် ဖြစ်ပါသည်။

50 ၅၀။ ထိုမိစ္ဆာဆရာများဤတိပ်ခွေများကို တစ်နှစ်ပတ်လုံးနားထောင်နေကြ၍ ဘုရားသခင်က သူပြောသောအရာကိုအတည် ပြုကြောင်း တွေ့မြင်ရပါသည်။သင်၏လေ့လာချက်အပေါ်မှာချမှတ်၍ သမ္မာတရားဖြစ်ကြောင်းသိရပါသည်။ ဂိုဏ်းဂဏကွဲပြားမှုများကြောင့် သူတို့ကိုသင်ကမနှစ်သက်ဘဲ သင့်လူများကိုလည်း မဟုတ်ကြောင်းပြောပါသည်။သင့်အပေါ်အမင်္ဂလာ သက် ရောက်ပါစေ။ သင့်အချိန်မှာအလွန်နီးကပ်လာပါပြီ။

51 ၅၁။ ဗာလမ်ကလည်းမောရှေအပေါ် သက်ရောက်သော ဝိညာဉ်တစ်မျိုးတစ်စားတည်းဖြင့်သာ ဘိသိတ်ပေးခံရခြင်းဖြစ်ပါသည်။ ဘာကွာခြားမှုရှိပါသနည်း?မောရှေ၏သွန်သင်ချက်မှာ အပြစ်ကင်းစင်ပါသည်။ ရှင်ပေတရုသြဝါဒစာစောင်တွင် ဖော်ပြထားသည့်အတိုင်း 'ဗာလမ်၏သွန်သင်ချက်များ' ကို ဣသရေလကလက်ခံပြီး ဘုရားသခင်ကခွင့်မလွှတ်နိုင်လောက်အောင် ဖြစ်ရ ပါသည်။ ခွင့်မလွှတ်နိုင်သာအပြစ်ဖြစ်ပါသည်။ဘုရားသခင်၏ကောင်းချီးခံစားရသော်လည်း တစ်ဦးမှကယ်တင်ခြင်း မရကြပါ။ အခြားသော ပရောဖက်တစ်ပါးရောက်လာပြီးမတူညီသော သွန်သင်မှုကိုပေးလျှက် မောရှေနှင့်အငြင်းအခုံဖြစ်လျှက် မောရှေမှားယွင်းကြောင်း လူတို့ကိုသက်သေပြရန်ကြိုးစားပါသည်။ ဒါသန်၊ ကိုရာနှင့် များစွာသော သူတို့က လက်ခံကြ၍ ဣသရေလသားသမီးကိုအပြစ်ကျူးလွန်စေသည်။ 'ငါတို့အားလုံးအတူတူပင်ဖြစ်သည်ဟု' ဆိုပြီး သူ့အဖွဲ့အစည်းနောက်သို့ပါသွားကြသည်။

မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စ်ဘီတေးရီးယန်းသို့မဟုတ် ပင်တေကုတ္တေဖြစ်ပါစေ၊ ဘာဘဲဖြစ်ဖြစ်ကျွန်တော်တို့အားလုံးမှာအတူတူပင်ဖြစ်သည်။

ကျွန်တော်တို့မှာ တူညီမှုမရှိပါ။ခြားနားသောပုဂ္ဂိုလ်များဖြစ်ကြပါသည်။ ကိုယ်တော်ရှင်အတွက် သန့်ရှင်း၍ နုတ်ကပတ် တော်နှင့် ဝိညာဉ်တော်အတွက်ဆက်ကပ်ထားခြင်းပင်ဖြစ်ပါသည်။ ယနေ့ခေတ်ကာလထိ ကိုယ်တော်ရှင်၏ ဂတိတော်အတွက်အသီးသီးစေရန်ပင်ဖြစ်ပါသည်။ သူတို့နှင့်မသက်ဆိုင်ပါ။ကျွန်တော်ခိုင်မာစွာသိရှိထားပါသည်။ သို့သော်လည်း အမှန်တရားပင် ဖြစ်ပါသည်။ဤနောက်ဆုံးသောနေ့ရက်များစွာ အမှုတော်မြတ်အတွက် ဆက်ကပ်ထားခြင်းပင်ဖြစ်ပါသည်။ 'သူတို့အထဲမှ ထွက် လာခဲ့ပါ။'

52 ၅၂။ 'ဗာလန်၏သွန်သင်မှု' ဗာလမ်၏ပရောဖက်ပြုချက်မဟုတ်ပါ။ဘယ်နှစ်ယောက် ယုံကြည်ပါသလဲ?[ပရိတ်က 'အာမင်'ဟုဆိုသည်_အယ်ဒီတာ] ဗာလမ်၏ပရောဖက်ပြုချက်မှာ အတိအကျ မှန်ကန်ပါသည်။အကြောင်းမှာ သူဘာမှမပြောနိုင် သောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏ဘိသိတ်ပေးခြင်းက ဘာမှမပြောနိုင်တော့ပါ။သမ္မာတရားအကြောင်း ဘုရားသခင်က ဖေါ်ပြပါသည်။ သို့သော်လည်း ၎င်းအရာမှာ 'ဗာလမ်၏သွန်သင်ချက်'ပင်ဖြစ်ပါသည်။

မဿဲ ၂၄း၂၄ နှင့်နှိုင်းယှဉ်ကြည့်ပါ။ဘိသိတ်ခံရသောသူများဖြစ်ပါသည်။ သို့သော်လည်း သူတို့၏သွန်သင်မှုများမှာ များယွင်းမှုရှိသည်။ တြိနိတိများနှင့် ၎င်းကဲ့သို့သော အရာများဖြစ်ပါသည်။ မှားပါသည်။အန္တိခရစ်များဖြစ်သည်။

သင်တို့၏ခံစားချက်များကိုမထိခိုက်ဟုကျွန်တော်မျှော်လင့်မိပါသည်။ နားမထောင်ဘဲမနေပါနှင့်။ ထပြီးလည်း ပြန်၍ ထွက်မသွားကြပါနှင့်။ ထိုင်၍နေပါ။ သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်တို့အားဖေါ်ပြမှုရှိမရှိ ကြည့်ကြပါစို့။ သက်သေပြ သည်ကိုလည်း ကြည့်ကြပါစို့။ သင်က 'ဒါပေမယ့်...'ဟုပြောပေမည်။သင်ဘာဘဲယုံကြည်ပါစေ၊ ငြိမ်၍ထိုင်နေပြီးနားထောင်ပါ။ သင့်စိတ်နှလုံးတံခါးကိုဖွင့်၍ဘုရားသခင်ကိုပေးပါ။ ထိုအခါသင်သည် ပေါင်းပင် သို့မဟုတ် ဘူးပင်သို့မဟုတ် ဘာအတွက် ဘဲဖြစ်ဖြစ် သင်ရပ်တည်ပါစေ။ လေ့လာကြည့်ပါ။

53 ၅၃။ ယခုပင်လျှင် 'သူ၏အပြစ်စီရင်ခံခြင်းအတွက်ကြိုတင်ခန့်အပ်ခြင်းခံရသူဖြစ်ပါသည်။ သခင်ယေရှုရှေ့တော်တွင် ချထား ခြင်းခံရပါသည်။သခင်ယေရှုက သူ့အား မိန့်တော်မူပါသည်။'သင်သည် ထိုသူပင်ဖြစ်သည်။ သင်ဘာပဲလုပ်လုပ်၊ သင်လုပ်ရမည့် အရာကိုအလျင်အမြန်သွား၍လုပ်ပါဟူ၍ဖြစ်သည်။ သူဘာလုပ်မည်ကို ကိုယ်တော်ရှင်ကကြိုတင်သိမြင်တော်မူပါသည်။ သူကငွေ စသုံးဆယ်နှင့် သခင်ယေရှုကိုရောင်းစားလိုက်ပါသည်။ သူ၏တပည့်တော်များထဲမှ တစ်ဦးမှာ အသင်းတော်၏ဘဏ္ဍာထိန်းဖြစ်နေပါသည်။ သခင်ယေရှုက သူ့အားသူ၏ 'မိတ်ဆွေ'ဟုခေါ်ပါသည်။ သမ္မာကျမ်းစာအဆိုအရ 'သူသည် ပျက်ဆီးခြင်း၏သားဖြစ် သည်။' ဟုဆိုထားပါသည်။ သခင်ယေရှုမှာ ဘုရားသားတော်ဖြစ်ပါသည်။ 'ဖြစ်နိုင်လျှင်ရွေးချယ်ထားသူ များကိုပင် လှည့်ဖျားနိုင်ပါသည်။'

54 ၅၄။ ကျွန်တော်တို့ ဆက်လက်၍လေ့လာသည့်အခါ သေချာစွာသတိပြုပါ။ ဓမ္မရာဇဝင်များတွင်ပါဝင်သော အခြားအကြောင်း အရာများကို လေ့လာပါမည်။ ပရောဖက်တစ်ပါးရှိ၍ သူ့အမည်မှာမိက္ခာဖြစ်ပါသည်။ သူသည် Gmiahအမည်ရှိပရောဖက်၏သား ဖြစ်ပါသည်။

အခြားပရောဖက်တစ်ပါးလည်းရှိပါသေးသည်။ပရောဖက်အဖွဲ့အစည်း၏ ခေါင်းဆောင်ဖြစ်သည်။ ဘိသိက်ခံရသူများပင် ဖြစ်ပါသည်။ သူတို့သည် 'ပရောဖက်များ' ဖြစ်ကြသည်ဟု သမ္မာကျမ်းစာကဆိုထားပါသည်။ဘာလမ်သည် ပရောဖက်ဖြစ် သည်ဟု ဆိုသကဲ့သို့ပင်ဖြစ်ပါသည်။ ဘိသိက်ခံရသူများပင်ဖြစ်ပါသည်။

သူတို့ထဲမှတစ်ဦးမှာ မိက္ခာအမည်ရှိ၍ဘိသိက်ခံရသောသူဖြစ်ပါသည်။ ဘုရားရှင်စေလွှတ်၍ နှုတ်ကပတ်တော်ကို ဆောင် ယူလာသူဖြစ်ပါသည်။

နောက်တစ်ဦးမှာ ဇေဒကိဖြစ်၍ဘုရားသခင်၏စေလွှတ်ခြင်းကိိ ခံရသောသူဖြစ်ပါသည်။ သူ့အားဘုရားသခင်က ဘိသိက် ပေး၍ သူ၏သွန်သင်မှုများမှာလည်းဘုရားသခင်၏နှုတ်ကပတ်တော်နှင့် ဆန့်ကျင်မှုရှိသည်။ 'ခရစ်တော်အတုများပေါ်ထွက်လာ ၍အံ့ဖွယ်နိမိတ်လက္ခဏာများဖြစ်ပေါ်လာ၍ ရွေးချယ်ထားသူများကိုပင်လျှင် ဖြစ်နိုင်ပါကလှည့်ဖျားသွားပါလိမ့်မည်။'

55 ၅၅။ သူတို့နှစ်ဦးစလုံးမှာဘိသိက်ခံရသူများဖြစ်ကြောင်း သိတိပြုကြပါ။ အမှားအမှန်ကိုသင်မည်သို့ပြောနိုင်ပါမည်နည်း။ အာ ဟပ်မင်းအား နှုတ်ကပတ်တော်ကမည်သို့ကတိထားတော်မူကြောင်း သတိပြု၍ကြည့်ပါ။ သူ့ထက်အရင်ဖြစ်သော ပရောဖက်ဧလိ ယမှာထိုခေတ်ကာလက အကြီးမြတ်ဆုံးပရောဖက်တစ်ပါးဖြစ်၍ စေလွှတ်တော်မူခြင်းခံရသောပရောဖက်တစ်ပါးပင်ဖြစ်ပါသည်။ ဖော်ပြခြင်းခံရသောပရောဖက်က 'အာဟပ်မင်းသည်ဒုစရိုက်ကိုပြုသောကြောင့် ခွေးများက သူ၏သွေးကို လျက်ကြလိမ့်မည်။ နာဘုတ်၏အသက်ကိုသတ်သောကြောင့်ဖြစ်သည်။ ယေဇဗေလကို ခွေးစားလိမ့်မည်။ သူမ၏ခန္ဓာကိုယ်ကိုကွင်းထဲမှာမြှုပ်နှံရ လိမ့်မည်။ ဘုရားသခင်ကျိန်ဆိုသောအရာကိုသင်မည်သို့ကောင်းချီးပေးနိုင်ပါမည်နည်း။ ဗာလမ်ပြောသကဲ့သို့ ဘုရားကောင်းချီးပေးသောအရာကိုလည်း သင်မည်သို့ ကျိန်ဆိုနိုင်ပါမည်နည်း။

သို့သော်လည်း ဤပရောဖက်များမှာရိုးသားကြပါသည်။ လေးစားဖွယ်ရာလူကောင်းများဖြစ်ကြကြောင်း သံသယဖြစ်ဖွယ် မလိုပါ။ ပရောဖက်ဖြစ်စေရန်အတွက် ဣသရေလနိုင်ငံတွင် သင်သည်လေးစားဂုဏ်ယူဖွယ်ရာ ဖြစ်ရမည်။ဣသရေလလည်း ဖြစ်ရ မည်။ သို့မဟုတ်ပါက ခဲနှင့်ပစ်ပေါက်ခြင်းခံရပေမည်။ သူတို့သည်လေးစားဖွယ်ဂုဏ်အသရေရှိ ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ လူကြီး လူကောင်းပညာတတ်များဖြစ်ကြသည်။ အာဟပ်၏ လက်ရွေးစင်များ ဖြစ်ကြသည်။ နိုင်ငံတော်၏ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များဖြစ် သည်။

56 ၅၆။ မိက္ခာကသူ၏ ရူပါရုံကို တွေ့မြင်ရသောအခါ နှုတ်ကပတ်တော်က ဘာပြောကြောင်း သူ့နှလုံးသားထဲမှာသိလာပါသည်။ သူ့အတွင်း၌ရှိသော ဝိညာဉ်တော်က ဘာပြောကြောင်း သူသိလိုပါသည်။

သူတို့ကလည်း သူ့အားပြောပြပါသည်။အခြားပရောဖက်များကဲ့သို့ သင်လည်း အလားတူအရာကိုပင် ပြောပါသည်။ သင့်အားလည်းမိတ်သဟာယဖွဲ့စေရန်အတွက် ဆောင်ယူပါသည်။ ငါတို့အဖွဲ့ဝင်တစ်ဦးဖြစ်စေမည်။ငါတို့၏ဂိုဏ်းဂဏထဲသို့ ဆောင် ယူပါမည်... သင်သည် ပရောဖက်ဖြစ်ကြောင်းငါတို့သိပါသည်။ သို့သော်လည်း သင်ကအမြဲတမ်းအာဟပ်ကိုသာ ကျိန်ဆိုနေပါ သည်။ဇေဒကိတည်းဟူသော ခေါင်းဆောင်ပုပ်ရဟန်းမင်းက... 'သူသည် ဘာဖြစ်ပါစေ' သူက အာဟပ်မင်းကို ကောင်းချီးပေးပါ သည်။ 'သွားထုတ်ပါ။' ဟုလည်းပြောပါသည်။ သင်ကလည်းအလားတူပင်ပြောပါသည်။ Gmiah သင်သည်ဆင်းရဲသားပင် ဖြစ်ပါသည်။ သင့်မှာ ဘာပရိသတ်မှမရှိပါ။ သူတို့မှာတော့သန်းပေါင်းများစွာရှိပါသည်။ တစ်နိုင်ငံလုံးမှာ သူတို့အတွက်ဖြစ်ပါသည်။သူတို့ကဲ့သို့ပင်သင်ပြောပါ။ သင်ဘာလုပ်ပါမည်နည်း။ မြေ၏ကောင်းကြီးချမ်းသာကိုစားရပါလိမ့်မည်။ သူသည်ထိုနေရာမှာ လူများ၍ပြော နေပါပြီ။

57 ၅၇။ 'ဇေဒကိ၊ မိက္ခာတို့ကိုသင်အပြစ်ရှာတွေ့ပါသလား?' ဟုမေးပါက

'မတွေ့ပါ။' ဟုဖြေပေးမည်။

'သူအပြစ်လုပ်သည်ကိုလည်း ဖမ်းမိပါသလား?'

'မဖမ်းမိပါ' မည်သူကိုပဲဖြစ်ဖြစ် ကျိန်ဆဲနေသည်ကိုလည်းကြားပါသလား?

'မကြားပါ။' 'အရက်သောက် တာတွေ့ပါသလား?'

'မတွေ့ပါ'

'သူ၏ပညာရေးနှင့်ပတ်သက်၍အငြင်းပွားစရာ ရှိပါသလား'

'မရှိပါ'

'သူ၏ပါရဂူဘွဲ့များအတုယောင် ဖြစ်ကြောင်း သံသယဖြစ်ပါသလား'

'မဖြစ်ပါ'

'သူ၏ Ph.D ဘဘွဲ့မှာဘာမှမဖြစ်ကြောင်း သင်ယုံကြည်ပါသလား'

'သေချာပါသည်။ ယုဒတရားရုံး Sanhedrenအားဖြင့် ကောင်စီအားလုံးမှကောင်းကြောင်း သိရပါသည်။'

သို့ဆိုလျှင် ဘာကြောင့်မပူးပေါင်းပါသနည်း? အကြောင်းမှာသူသည် နှုတ်ကပတ်တော်နှင့် မကိုက်ညီသောကြောင့် ဖြစ်ပါသည်။

ထိုအရာနှင့်ပတ်သက်၍သူတို့မှာဖော်ပြချက်ရှိပါသည်။ ဧလိယတည်းဟူသော ပရောဖက်ကဲ့သို့ပင်ဖြစ်ပါသည်။ သင်သည်ဘုရားသခင်၏သားသမီးဖြစ်ပါက ဤသမ္မာကျမ်းစာ၏ပရောဖက်ကို လက်ခံပါ။ နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။ ရာသီဥတုအချိန်ကာလကို သတိပြုပါ။

58 ၅၈။ ဇေဒကိကဘာပြောမည်ကိုကြည့်ပါ။ 'ပရောဖက်ပြောသည်ကိုငါသိပါသည်။ နောက်မျိုးဆက်အသစ်အတွက် ဖြစ်ပါသည်။ ယခုအချိန်နှင့် ဝေးကွာသောကာလကိုဆိုလိုခြင်းပင်ဖြစ်ပါသည်။' မဟုတ်ပါလား။သူက 'ဘုရားသခင်ထံမှရူပါရုံကို တွေ့မြင်ရ သည့်အချိန်အထိစောင့်ပါ။ ပြီးနောက်မှ သင့်ကိုငါပြောမည်' ဟုဆိုထားပါသည်။ 'သင်သည် အလားတူအရာကိုသာ ပြောမည်မဟုတ်ပါလား?' သူက 'ဘုရားသခင်ပြောသောအရာကိုသာ ငါပြောမည်။ဘာမှထပ်၍မပြောပါ။ ပိုမပြောပါ။ နှုတ်ကပတ်တော်ကို ထပ်မံပေါင်းထည့်ခြင်း၊နှုတ်ယူခြင်းကို ငါမပြုလုပ်နိုင်ပါ။' ဟုဆိုသည်။

ထိုညတွင်ပင် ဆုတောင်းသည့်အခါ ဘုရားသခင်ကသူ့ထံသို့ ရူပါရုံအားဖြင့် ကြွလာတော်မူပါသည်။ နောက်တစ် နေ့မနက်ထွက်သွား၍သူကပြောပါသည်။... ပရောဖက်နှစ်ပါးရှိပါသည်။

59 ၅၉။ နိုင်ငံတော်အကြီးအကဲ၊စစ်တပ်အကြီးအကဲ၊ အကြီးမားဆုံးပုဂ္ဂိုလ်မှာ ဇေဒကိဖြစ်သည်။ သူသည် ပရောဖက်ခေါင်းဆောင်ဖြစ်၍ ဘုရင်ကခန့်အပ်ပါသည်။ အဖွဲ့အစည်းအရ သူသည် အခြားပရောဖက်များအားလုံး၏ခေါင်းဆောင်ဖြစ်ပါသည်။ အဖွဲ့အစည်းက သူ့အားသူတို့၏ခေါင်းဆောင်တင်မြှောက်ထားခြင်းဖြစ်ပါသည်။ အတော်ဆုံးပုဂ္ဂိုလ်၊ အကောင်းဆုံးစာဖတ်သူ အလုပ်အတွက်အသင့်တော်ဆုံးပုဂ္ဂိုလ်ဖြစ်ပေသည်။ 'ပရောဖက်' ဟု သူ့အားခေါ်ဆိုသောကြောင့်သန့်ရှင်းသောဝိညာဉ်တော်ဘိသိက်ပေးခြင်းခံရ သူဖြစ်ပါသည်။ သာမန်ပရောဖက်မဟုတ်ပါ။ဟေဗြဲပရောဖက်ဖြစ်ပါသည်။ သူ့ကို လေ့လာပါ။

60 ၆၀။ ဇေဒကိဆိုပါသည်။ 'ကိုယ်တော်ရှင်ကငါ့အားမိန့်တော်မူသည်မှာ ကျွန်ုပ်အတွက်ရုပ်ပုံအဖြစ် ငါ့အားဤသံဖြင့်ဂျိုနှစ်ခုကို ပြုလုပ်ပေးပါ။' ဟုဆိုပါသည်။ ပရောဖက်များမှာသင်္ကေတများပြုလုပ်ပြသတတ်ပါသည်။ သူက 'ဤသံဖြင့်ပြုလုပ်သောဂျိုများကို ပြုလုပ်ပါ။' ဟုဆိုသည်။ သန့်ရှင်းသောဝိညာဉ်တော်ကကျွန်ုပ်အားပြောပါသည်။ 'ဤအရာများကိုယူသွားပါ။ ငါ့အား ကောင်းကြီးပေးသောအရာများဖြစ်ပါသည်။' ယဇ်ပူဇော်သောအရာဟု မယူဆပါနှင့်။ သို့သော်လည်း အချက်ကျကျရှိစေပါ။ကျွန်ုပ်အားဖြင့်

သန့်ရှင်းသောဝိညာဉ်တော်က စကားပြောပါသည်။ ကျွန်ုပ်ကိုဖော်ပြပါသည်။သူ 'ဤဂျူးများကိုယူ၍ဤဂျူးများအားဖြင့် ရှင်ဘုရင်ကို ပြောပြပါ။ ရှုရိရကိုတွန်းထုတ်ပစ်မည်။ထိုမြေကိုလည်းတရားဝင်ပိုင်ဆိုင်မည့် သူ၏လက်ထဲသို့ ပြန်လည်ရောက် ရှိစေမည်။အသင်း တော်တည်းဟူသော ဣသရေလကပြန်လည်ပိုင်ဆိုင်ရမည်' ဟုဆိုထားပါသည်။

ညီအစ်ကိုတို့ ၎င်းအရာမှာအလွန်ပင်အခြေခံကျလှပါသည်။ ဗာလမ်ကဲ့သို့ ဖြစ်ပါသည်။ ဗာလမ်မှာ မောရှေကဲ့သို့ပင် အခြေခံကျကျစကားပြောတတ်ပါသည်။ မောရှေ... ဘုရားသခင်၏မှန်ကန်သော နံပါတ်မှာခုနစ်ဖြစ်ပါသည်။ ဗာလမ်က 'ငါ့အတွက်ယဇ် ပုလ္လင်ခုနစ်ခုကို ဆောက်ပါ။ သန့်ရှင်းသောယဇ်ခုနစ်မျိုးကို ပူဇော်ပါ။' မြည်းခုနစ်ကောင်၊ နွားခုနစ်ကောင်ကိုပူဇော်ပါဟုဆိုသည်။ ဘုရားသားတော်ကြွလာတော်မူခြင်းအကြောင်းကိုပြောဆိုနေခြင်းပင်ဖြစ်ပါသည်။

61 ၆၁။ ဤမှာဇေဒကိရှိပါသည်။ အခြေခံကျနိုင်သလောက်ကျနေပါသည်။ 'အကြောင်းမှာဤမြေကို ကျွန်တော်တို့ ပိုင်ဆိုင်ခြင်းပင်ဖြစ်ပါသည်။ အဘယ်ကြောင့် ရှုရိလူများ၊ ဖိလိတ္တိလူများက သူတို့၏ဝမ်းစာကိုဖြည့်နေကြရပါသနည်း။ သူတို့သားသမီးများအတွက် ဖြည့်စွက်ကြရပါသနည်း။ ကျွန်ုပ်တို့၏ရန်သူမှာကျွန်ုပ်တို့၏သားသမီးများ မစားရတော့ပါ။ ဘုရားသခင်က ဤမြေအား ကျွန်တော် တို့ကိုသာပေးအပ်ခဲ့ပါသည်။

ညီအစ်ကို၊ ဤအကြောင်းမှာကောင်းသောအငြင်းအခုံပြုရမည့် အချက်တစ်ချက်ပင်ဖြစ်ပါသည်။ ဣသရေလရှေ့မှာ သူ ကဟစ်အော်နိုင်ပါသည်။ သူတို့အော်နိုင်သလောက် အော်နိုင်ပါသည်။ ကျွန်တော်ယနေ့အကြောင်းယခုပြောနေပါသည်။ သင် ကျွန်ုပ်နောက်ကို လိုက်နေကြောင်း ကျွန်တော်သိပါသည်။အော်ဟစ်ကခုန်နေခြင်းများပင် ဖြစ်ပါသည်။

62 ၆၂။ ပြီးခဲ့သောတနင်္ဂနွေညကိုသင်သတိရပါသလားဒါဝဒ်? ရေဒီယိုဒေသတယ်လီဖုန်းချိတ်ထားသောဒေသသို့ သင်ရောက်နေ ပါသည်။ ပြီးခဲ့သောတနင်္ဂနွေည တရားဟောချက်သင်မကြားလိုက်ရပါ။ ကြားရစေရန် ကြိုးစားပါ။ ဘုရားသခင်၏ဘိသိက်ခံရသောအခွင့်မရှိဘဲနှင့် အမှုတော်မြတ်ကို ဆောင်ရွက်ရန်ကြိုးစားခြင်းပင်ဖြစ်ပါသည်။မည်မျှပင် စိတ်စေတနာမှန်ကန်စေကာမူ ကောင်းမွန် စေကာမူ ဘုရားရှင်က လက်ခံခြင်းမရှိပါ။ဇေဒကိက မိမိမှန်ကန်သည်ဟု ထင်မြင်ယူဆပါသည်။

63 ၆၃။ မိက္ခာက 'ဘုရားကိုကျွန်တော်မေးပါရစေ' ဟုဆိုသည်။နောက်တစ်နေ့မနက်သူက ကိုယ်တော်ရှင်မိန့်တော်မူသည်ဆို သောစကားဖြင့် ဆင်းသက်လာပါသည်။ သူ၏ရူပါရုံကိုသူက နှုတ်ကပတ်တော်ဖြင့် စစ်ဆေးပါသည်။

ဇေဒကိကို သူကပြောမည်ဆိုလျှင် 'ဤသူကို ဘာဖြစ်မည်ဟု သမ္မာကျမ်းစာပရောဖက်ကပြောကြောင်းသင်သိပါသလား'

'သို့သော်လည်းဤအချိန်တွင်မဟုတ်ပါ။အကြောင်းမှာ ဤသူသည် လေးစားသင့်သောသူဖြစ်သောကြောင့် ဖြစ်ပါသည်' သူကကြိုးစားနေပါသည်။ 'ဤအရာကို ရအောင်လုပ်ပါ။' သူသည် အသင်းတော်ကပိုင်ဆိုင်သာအရာများကို အသင်းတော်အား ပြန်ပေးရန်ကြိုးစားနေပါသည်။ သူပိုင်ဆိုင်သောဥစ္စာပစ္စည်းများကို ပြန်ပေးရန်ကြိုးစားနေခြင်းဖြစ်ပါသည်။ ဝိညာဉ်ရေးရာအရာ များမဟုတ်ပါ။ ဧလိယကဲ့သို့ တစ်နိုင်ငံလုံးကို ကိုင်လှုပ်နိုင်စွမ်းရှိပါသည်။ သူတို့အားရုပ်ဝတ္ထုဆိုင်ရာအရာများပေးရန် ကြိုးစားသော် လည်း 'ကျွန်ုပ်တို့ ဥစ္စာပစ္စည်းများ ပိုင်ဆိုင်ထားပါသည်။ကျွန်ုပ်တို့အားလုံး သင်တို့အားလုံး ပရိတက်စတင့်များ ဖြစ်ကြပါသည်။ကျွန်ုပ်တို့နှင့် ပူးပေါင်းသင့်သည်။' ဟုဆိုသည်။

ထိုအကြောင်းကို အနည်းငယ်ပြောပြလိုပါသည်။ 'အားလုံးမှာညီအစ်ကိုမောင်နှမများသာ ဖြစ်ကြပါသည်။' မဟုတ်ပါက ဘယ်တော့မှ ဖြစ်လာတော့မည်မဟုတ်ပါ။ စစ်မှန်သောဘုရားသခင်၏အသင်းတော်နှင့် ဘယ်တော့မှမဖြစ်နိုင်တော့ပါ။ မဖြစ်နိုင်ပါ။

64 ၆၄။ 'သူက ရူပါရုံကိုမြင်ရပါသည်။ ဘုရားသခင်ငါ့ကိုစကားပြောသည်' ဟုသူဆိုပါသည်။ ထိုသူမှာ ရိုးသားဖြောင့်မတ် ပါသည်။ သူက 'ဤဂျူးများကို ပြုလုပ်၍ဘုရင်ရှေ့သို့တက်သွားပြီး အနောက်ဖက်သို့တွန်းပါ။' ဟုဆိုသည်။ သူတို့ရပ်နေသော နေရာမှ ဘယ်နေရာဘယ်လမ်းသို့ဖြစ်စေသွားနိုင်ပါသည်။ 'တွန်းပါ။ကိုယ်တော်ရှင်မိန့်တော်မူသည်ဟူ၍ ဖြစ်ပါမည်။ သူကအောင်မြင်မှုရပြီး ပြန် လာ၍အသင်းတော်အတွက်လည်း အောင်မြင်မှုဖြစ်ပါမည်။' သူတို့ကို မောင်းထုတ်ရန်ဖြစ်သည်။ နီးစပ်သည်မဟုတ်ပါလား? ဘာ အခက်အခဲများ ဖြစ်နေပါသနည်း?

မိက္ခာဆင်းသက်လာပါပြီ။ 'သင်၏ ပရောဖက်ပြုချက်ကို ပြောပါ။'

'တက်သွားပါ။ဣသရေလမှာ သိုးကဲ့သို့ ပြန့်ကြဲလျက်ရှိနေပါသည်။ သိုးထိန်းမရှိပါ' တိတိကျကျ ပြောင်းပြန်ဖြစ်နေပါ သည်။

65 ၆၅။ သင်သည်ပရိသတ်ဖြစ်ပါသည်။ ဘယ်အရာမှန်ပါသနည်း။ နှစ်ခုစလုံးမှန်ပါသည်။ပရောဖက်များဖြစ်ကြပါသည်။ သူတို့၏ ကွာခြားချက်ကိုပြောရန် တစ်ခုတည်းသောနည်းလမ်းမှာနှုတ်ကပတ်တော်အားဖြင့် စစ်ဆေးရန်ပင်ဖြစ်ပါသည်။ 'သင်မည်သို့ရှိပါ သနည်း။' သူက 'ဘုရားသခင်ပလ္လင်တော်မှာထိုင်နေသည်ကို ငါတွေ့ခဲ့ပါသည်။' ဟုဆိုသည်။ အားလုံးသူ့အား ဝန်းရံနေသော ကောင်စီကိုလည်း ငါတွေ့ရပါသည်။ '

ဇေဒကိကလည်း သူသည် ဘုရားသခင်ကိုတွေ့သည်။အလားတူ ဝိညာဉ်တော်ပင်ဖြစ်သည်ဟု ဆိုပါသည်။ 'ကျွန်ုပ်ဘုရားသခင်ကိုတွေ့သည်။ သံနှင့်ဤဂျူးများကို ပြုလုပ်ရန် ကိုယ်တော်ရှင်ကပြောသည်။ ထွက်သွား၍နိုင်ငံများကို တွန်းထုတ်လိုက်ပါ။ ငါ တို့ကသာ ပိုင်ဆိုင်သောကြောင့် ဖြစ်သည်။အခြားမည်သူကမှ ပိုင်ဆိုင်ခွင့်မရှိပါ။' ဟုဆိုသည်။ ဘုရားနှင့်မှန်ကန်ပါက သူတို့လည်း ပိုင်ဆိုင်ရမည်ဖြစ်ပါသည်။သူတို့ရသင့်သော်လည်း ဘုရားထံမှ ထွက်သွားသောကြောင့်ဖြစ်ပါသည်။

အဖွဲ့အစည်းမှာလည်းထိုနည်းတူပင်ဖြစ်ပါသည်။ ဤအရာများနှင့်ပတ်သက်၍ ရပိုင်ခွင့်ရှိပါသည်။ သို့သော်လည်းအလိမ် ခံရခြင်းဖြစ်သည်။ အကြောင်းမှာ ဘုရားရှင်၏နှုတ်ကပတ်တော်နှင့်ဝေးကွာသွားသောကြောင့်ဖြစ်ပါသည်။ ဘုရားသခင်၏ဝိညာဉ် တော်နှင့်လည်း ဝေးကွာသွားပါသည်။နှုတ်ကပတ်တော်ကို ခေတ်ကာလအလိုက်ဘိသိက်ပေးခြင်းနှင့်လည်း ဝေးကွာခဲ့ပါသည်။ဤသတင်းစကားကို မကြားရဘဲဖြစ်ခဲ့ပါသည်။

66 ၆၆။ ဘာဖြစ်သည်ကိုသတိပြုကြည့်ပါ။ သူက 'ငါဘုရားသခင်ကိုတွေ့သည်' ဟုဆိုပါသည်။မိက္ခာက တွေ့ပါသည်။ ကောင်း ကင်ဘုံ၌ ပလ္လင်ပေါ်မှာ ထိုင်နေပါသည်။ သူ့ကောင်စီကသူ့အားဝန်းရံလျက်ရှိပါသည်။ သူက 'သင်သွား၍အာဟပ်ကို မည်သူလှည့် ဖျားမည်နည်း။ ဧလိယ၏စကားမှန်ကန်စေရန် သူကြွလာရန် ငါပြောပါသည်။ဧလိယက ငါ၏စကားကို လက်ခံရရှိပါသည်။ ကောင်း ကင်နှင့်မြေကြီးကွယ်ပျောက်သော်လည်းငါ့စကားတည်လိမ့်မည်။ မည်မျှပင် သူတို့သည် ခေတ်မီပါစေ၊ ကောင်းမြတ်ပါစေ၊ ပညာတတ်ပါစေ၊ ကြီးမားပါစေ၊ ငါ့စကားဘယ်တော့မှ မပျောက်ပျက်ပါ။'

ငရဲထဲမှနေ၍ လှည့်ဖျားတတ်သော ဝိညာဉ်ကတတ်လာပြီးဒူးထောက်၍ပြောပါသည်။ သင်ကျွန်ုပ်ကို ခွင့်ပြုပါက ငါ၏ဘိ သိက်ကို သူတို့အားငါပေးမည်။သူတို့အံ့ဖွယ်နိမိတ်လက္ခဏာ ဘယ်လိုအရာမျိုးကိုမဆို လုပ်ကိုင်နိုင်မည်။နှုတ်ကပတ်တော်နှင့် မ ကိုက်ညီသောအရာပင်ဖြစ်ပေမည်။ သူက ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ဖြစ်နေမှန်းပင် မသိရတော့ပါ။ အများအကြိုက်ကို လိုက်ပြီးသူကဂရုမစိုက်ဘဲနေပေလိမ့်မည်ဟု ဆိုပါသည်။ 'ညီအစ်ကိုတို့အချိန်ကာလများ ပြောင်းလဲလျက်ရှိပါသည်။ ဘရာသာ နက်ဖီးလ် ထိုအရာမှာမှန်ကန်ပါသည်။မှန်ကန်ကြောင်း သင်သတိရပါ။ သူ့အား ကျွန်တော်က တခြားသူများပြုမူသကဲ့သို့ပင် ပြုမူစေပါမည်။ သူ့အား ပရောဖက်ပြုစေမည်။ လိမ်ညာလှည့်ဖျားစေပါမည်။' လိမ်ညာမှုမည်သို့ ဖြစ်နိုင်ပါမည်နည်း။နှုတ်ကပတ်တော် နှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်ပါသည်။

67 ၆၇။ ဤဗတ္တိဇံအတုအယောင်များကိုယူပြီး ဘယ်လောက်ပင် မှန်ကန်ပါသည်ဟု ဆိုစေကာမူမည်မျှပင်ပုဂ္ဂိုလ်ဖြစ်ခြင်းကို ကြိုး စားကြပါစေ။ ဤခေတ်ကာလ၏ဘုရားသခင်နှုတ်ကပတ်တော်နှင့် ဆန့်ကျင်လျက်ရှိပါသည်။

သင်က 'ကျွန်တော်တို့နှင့် ဆိုင်သည်။ ဤအရာကို လုပ်ခဲ့သည်။ထိုအရာကို လုပ်သည်။ ကျွန်ုပ်တို့၏ အသင်းတော်က ဤ နည်းအတိုင်းလုပ်သည်။ထိုနည်းအတိုင်း လုပ်သည်။' စသည်ဖြင့်ပြောဆိုကြပါသည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ဂရုမစိုက်ပါ။ဤအချိန်နာရီအတွက် ရေးသားထားသော နှုတ်ကပတ်တော်ကို ဆန့်ကျင်နေပါကလှည့်ဖျားခြင်းသာဖြစ်ပါသည်။ မည်မျှပင် ရိုးသားပါစေ၊ ပညာတတ်ပါစေ၊ တော်ပါစေ၊မှန်ကန်ပါစေ၊ အဓိပ္ပာယ်ရှိပုံပေါ်ပါစေ၊ ဤ ခေတ်ကာလ၏ နှုတ်ကပတ်တော်နှင့်ဆန့်ကျင်နေပါသည်။ [ဘရာသာဘရမ်ဟမ်က တရားဟောစင်ကို နှစ်ခါခေါက်လိုက်သည်-အယ်ဒီတာ]မိနစ်အနည်းငယ်အတွင် အနည်းငယ်ပိုမို၍ နက်နဲစွာ လေ့လာကြပါစို့။ အချိန်ရသလောက်လေ့လာနိုင်ကြပါသည်။

68 ၆၈။ သူသည်ရိုးသားသည်။ လူကောင်းဖြစ်သည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ သူက ပြောပါသည်... မိက္ခာကလည်း သူ့အားပြော ပါသည်။ သူ၏မျက်နှာရှေ့တည့်တည့်မှာပင်ပြောခြင်းမဟုတ်ပါ။ သို့သော်လည်း တစ်နည်းအားဖြင့် ဆိုပါသည်။ တစ်နည်းအားဖြင့်ဆိုနိုင်ပါသည်။ 'သင့်အားလိမ်ညာလှည့်ဖြားသောဝိညာဉ်ဖြင့် ဘိသိက်ပေးထားပါသည်။' ဘီးရှော့အားပြောရန် တစ်စုံတစ်ရာမ ဟုတ်နိုင်ပါသလား။ သို့သော်လည်း သူပြုလုပ်ခဲ့ပါသည်။

ဤဘီးရှော့ကဆက်၍ လျှောက်တက်လာပြီးပြောပါသည်။ 'သင်တို့ ဘယ်သောအခါမှမိတ်သဟာယဖွဲ့ရတော့မည်မ ဟုတ်ပါ။' ဟူ၍ဖြစ်သည်။ သူ၏မျက်နှာကိုလည်း ရိုက်လိုက်ပါသည်။ ငါ၌ဖော်ပြခြင်းခံရသူဖြစ်ပါသည်။ ငါ့အသင်းတော်က ငါ့အားခေါင်းဆောင်ခန့်ထားပါသည်။ဘုရားသခင်၏လူများက မဲစနစ်ဖြင့် ငါ့အားရွေးချယ်ခြင်းဖြစ်သည်။ ငါ့အဖွဲ့အစည်းကရွေးချယ်ခြင်းဖြစ်သည်။ ဘုရားသခင်က ဤမြေအား ကျွန်ုပ်ကိုပေးပါသည်။ ကျွန်ုပ်တို့အားပိုင်ဆိ်ုစေရန်အတွက် ဘုရားရှင်အလိုရှိပါသည်။ကိုယ်တော်ရှင်မိန့်တော်မူခြင်းဆိုသောစကား ကျွန်ုပ်၌ရှိပါသည်။ သူ့အားပါးရိုက်၍ 'ဘုရားသခင်၏ဝိညာဉ်တော်က ကျွန်ုပ်ထံမှထွက်ခွာပြီး မည်သည့်နေရာသို့ သွားပါသနည်း။'

မိက္ခာက 'တစ်နေ့သောအခါမှာ သင်ရှာဖွေတွေ့ရှိရပါသည်။ကာလီဖိုးနီးယားပြည်နယ်က ပင်လယ်အောက်ရောက်နေ သောအချိန်တွင်ဖြစ်ပါသည်။' ဘယ်နေရာသို့သွားကြောင်း သင် အတွင်းထောင်များထဲတွင် သင်နေခဲ့ရစဉ်ကပင်ဖြစ်ပါသည်။

69 ၆၉။ အာဟပ်ဘာပြောပါအုံးမည်နည်း? 'ငါ၏ပရောဖက်ကိုငါယုံကြည်သည်။' ဟုသူကဆိုပါသည်။နှုတ်ကပတ်တော်ကို ရှာဖွေ ပါက ဘာဖြစ်ပါမည်နည်း? သူ့ကိုယ်သူ ကျိန်ဆိုခံရခြင်းကို သူမလိုလားပါ။ နားထောင်ပါ။သူကိုယ်သူ ကျိန်ဆိုခံရခြင်းကို သူမလို လားပါ။ ဘယ်သူမှလည်းမလိုလားပါ။

ကျွန်တော်အဖွဲ့အစည်းမှာ......သင်နှင့်ပက်သက်သည့်အရာပင်ဖြစ်ပါသည်။သင်မှန်ကန်ကြောင်း သင့်ကိုယ်သင် သိစေလို ပါသည်။ သင့်စိတ်နှလုံးထဲမှာ 'ခမည်းတော်၊ သားတော်၊သန့်ရှင်းသောဝိညာဉ်တော်' ၏နာမ၌ဗတ္တိဇံပေးသောအခါသင်လိမ် ညာနေခြင်းပင်ဖြစ်ပါသည်။ သင်လုပ်နေသောအရာများကို သင်သိပါသည်။ အသေးစိတ်အဖြစ်အပျက်များကိုကြည့်ပါ။ အားလုံးမှာထိုသို့ပင်ဖြစ်ပါသည်။ သင်မှားနေပါသည်။ အသေးစိတ်အဖြစ်အပျက်များမှာ အခြားသောဘာသာစကားမည်ကဲ့သို့ဖြစ်နိုင်ပါသ နည်း။ တစ်ချိန်တည်းမှာပင် ဘုရားသခင်၏ဂတိတော်များကိုဆန့်ကျင်၍ မည်သို့ပြောနိုင်ပါသနည်း။ မည်သို့ဖြစ်နိုင်ပါမည်နည်း? ကျိန်ခြင်းကိုသင်မလိုလားပါ။ ဟုတ်ပါသလား? ဤနေရာမှာ ရေးသားထားသောအရာမှာဖြစ်ရမည့်အရာပင်ဖြစ်ပါသည်။ သားရဲ၏ တံဆိပ်ဖြစ်သည်။ ဖြစ်နိုင်လျှင်ရွေးချယ်ထားသောသူများကိုပင် လျှည့်ဖျားသွားနိုင်ပါသည်။

70 ၇၀။ နိမိတ်လက္ခဏာအတိုင်းအံ့ဘွယ်ရာတိုင်း ဘိသိတ်ခံရသူတိုင်း ပရောဖက်ပြုခြင်း ဖြစ်ပျက်သမျှအားလုံးတို့မှာနိမိတ် လက္ခဏာမျိုးစုံ၊ အံ့ဘွယ်ရာအလုံးစုံဖြစ်၍ ကွာခြားမှုကိုမည်သို့ပြောဆိုပါမည်နည်း။ ဤအချိန်ကာလအတွက် နှုတ်ကပတ်တော်ကို ကြည့်ပါ။ သင်မည်သို့ခံယူပါမည်နည်း။

မောရှေကိုကြည့်ပါ။ ဗာလမ်ကိုသူမည်သို့ပြောဆိုနိုင်မည်နည်း။ မိက္ခာကိုကြည့်ပါ။ သူမှန်ကန်ကြောင်း သူမည်သို့သိပါသနည်း။ နှုတ်ကပတ်တော်က အာဟပ်အတွက် ပရောဖက်ပြုခဲ့ပါသည်။ [ဘရာသာဘရင်ဟမ်ကတရားဟောပလ္လင်ကို ကြိမ်ဖန်များစွာခေါက်လိုက်ပါသည်။.....အယ်ဒီတာ]

နှုတ်ကပတ်တော်မှာကျွန်ုပ်တို့ရှေ့မှာပင် ထိုအဖွဲ့အစည်းများအတွက် ပရောဖက်ပြုခဲ့ပါသည်။ကြိမ်ခြင်းမှာလည်း သူတို့အပေါ်သက်ရောက်ပါသည်။ သူစစ်မှန်သော ဘိသိတ်ပေးခြင်းကိုခံရသောအသင်းတော်က အမှန်တစ်ကယ်နေရာယူပြီး နှုတ်က ပတ်တော်ကိုရရှိမည်ဖြစ်ပါသည်။နှုတ်ကပတ်တော်က သတို့မီးပင်ဖြစ်သည်။ဤနေရာမှာ ကျွန်တော်တို့ရှိပါသည်။ ထိုစဉ်အခါကဲ့သို့ ကျွန်တော်တို့ရှိနေပါသည်။

71 ၇၁။ သမ္မာကျမ်းစာအဆိုအရ ‘သက်သေနှစ်ဦး (သို့)သူ့ံးဦးအားဖြင့် စကားလုံးတိုင်းကိုတည်စေပါ။'ဗာလမ်ကို ကျွန်ုပ်စကား ပြောပါသည်။ မောရှေအကြောင်းနှင့် ဗာလမ်အကြောင်းကိုပြောပါသည်။မာလခိနှင့် ဇေဒကိအကြောင်းကိုလည်းကျွန်ုပ်ပြော ပါသည်။ ယခုအခါ တစ်ခုထပ်၍ပြောပါမည်။ ရာပေါင်းများစွာရှိပါသည်။သို့သော်လည်း သက်သေသုံးဦးဖြစ်ရန်အတွက် ဤနေရာ မှာရေးထားသောအရာများများစွာရှိပါသည်။အချိန်ကိုမကုန်စေရန်အတွက် လုပ်ရပါမည်။ ယေရမိမှာ အပါယ်ခံဖြစ်ပါသည်။ သို့သော်လည်းဘုရားသခင်ဖေါ်ပြတော်မူသော ပရောဖက်ဖြစ်ပါသည်။ သူတို့က သူ့ကို မုန်းသည်။အမှည့်လွန်အသီးများနှင့်.....သူ့ကိုပစ်ပေါက်ကြသည်။သူကလည်းသူတို့ကိုကျိန်ဆဲသည်။ သူပြုခဲ့သမျှတို့မှာ သူ့ဘေး မှာကျရောက်သည်။ ဣသရေလကမှားယွင်းကြောင်းနိမိတ်လက္ခဏာများပြသပါသည်။

ပရောဖက်တိုင်း၊ စစ်မှန်သောပရောဖက်တိုင်း ကမ္ဘာပေါ်မှာပေါ်လာသမျှ ပရောဖက်များက အသင်းတော်အဖွဲ့အစည်းကိုကျိန်ဆိုပါသည်။ မပြောင်းလဲသော ဘုရားအားဖြင့် မည်သို့ပြောင်းလဲနိုင်ပါမည်နည်း။?

သန့်ရှင်းသောဝိညာဉ်တော်မှာဤကာလ၏ပရောဖက်ပင်ဖြစ်ပါသည်။ သူက သူ၏နှုတ်ကပတ်တော်ကို ဖေါ်ပြပါသည်။ သက်သေပြပါသည်။သန့်ရှင်းသောဝိညာဉ်တော်မျာ မောရှေ၏ခေတ်ကာလက ပရောဖက်ပင်ဖြစ်ပါသည်။သန့်ရှင်းသောဝိညာဉ်တော်ကနှုတ်ကပတ်တော်ကို ရေးသားခြင်းဖြစ်၍ နှုတ်ကပတ်တော်ကိုအတည်ပြုပါသည်။

72 ၇၂။ မိက္ခာလက်ထက်ကဘာဖြစ်ခဲ့ပါသနည်း ? ဘုရားသခင်၏နှုတ်ကပတ်တော်အရ အာဟပ်မှာသေဆုံး၍ ခွေးများက သူ ၏သွေးကို လျက်ကြပါသည်။

မိစ္ဆာပရောဖက်များအားလုံးကို ဘုရားသခင်ကမိန့်တော်မူသည်မှာ မိမိစိုက်သည့်အတိုင်း ရိတ်ရလိမ့်မည် ဟူ၍ဖြစ်သည်။ မျက်စိကန်းသောခေါင်းဆောင်များဖြစ်၍ မျက်ကန်းကို မျက်ကန်းက လမ်းပြပါသည်။ ကျွန်ုပ်စိတ်မဆိုးပါ။သမ္မာတရား ကို ပြောပြနေခြင်းသာဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော် ဖေါ်ပြမှုမရှိဘဲ ‘ဤပုံစံဖြင့်ပြောပါဟု ’ မပြောပါနှင့်။ဘုရားသခင်က မှန်သည်ဟုပြောသောအရာတစ်ခုကို မှားသည်ဟု ကျွန်တော်ပြောမိပါသလား ? ညီအစ်ကိုတို့ သိပ်နောက်မကျမှီ ထကြပါ။

73 ၇၃။ ဤအရာကိုကျွန်တော်ပြောပါရစေ။ ဆူးပင်ကအိပ်ရာမှထပြီး ပေါင်းပင်မည်သို့ဖြစ်နိုင်ပါမည်နည်း။ကြိုတင်ပြောပြထား၍ ဖြစ်နိုင်ပါသလား ?ရွေးချယ်ခြင်းခံရသူများ မည်သို့တွေ့နိုင်ပါမည်နည်း ? အကြောင်းမှာ သူတို့သည် တွေ့မြင်ရန် ရွေးချယ်ခံရခြင်းကြောင့်ဖြစ်ပါသည်။ ‘ခမည်းတော်က ငါ့အား ပေးသမျှအားလုံးငါ့ထံသို့လာမည်ဖြစ်သည် ’ ဟုသခင်ယေရှုကပြောပါသည်။ ‘သို့သော်လည်းငါ့အားပေးခြင်းမရှိပါက တစ်ဦးတစ်ယောက်မှ ငါ့ထံသို့လာကမည်မဟုတ်ပါ။ ကမ္ဘာလောကကြီး၏အစအဦး ကတည်းက သူတို့၏အမည်များမှာ သိုးသူငယ်၏အသက်စာစောင်ထဲတွင်စာရင်းဝင်လျှက်ရှိသည်။ ’ အသင်းတော်စာအုပ်မှတ်တမ်း ထဲတွင်မဟုတ်ပါ။ သိုးသူငယ်၏ အသက်စာစောင်ထဲတွင်ဖြစ်ပါသည်။

74 ၇၄။ ယေရမိကမတ်တပ်ထရပ်ပါသည်။ လူအများရှေ့မှာ ဖေါ်ပြခြင်းခံရသောသူဖြစ်သော်လည်း သူ့ကို သူတို့ကမုန်းတီးကြ ပါသည်။

သူတို့က ထွက်သွားပြီးတံပိုးကိုလုပ်၍သူ့လည်ပင်းပေါ်မှာတင်ပြီး ၎င်းနောက်လူများရှေ့မှာသွားပါသည်။သူတို့က ‘ငါတို့ သည် ဘုရားသခင်၏ ကြီးမြတ်လှသောလူများပင်ဖြစ်ပါသည်။ ငါတို့မှာ ဣသရေလအမျိုးဖြစ်ပြီး ငါတို့၏တရားစရပ်များအပေါ်ငါတို့အလွန်သစ္စာရှိကြပါသည်။ တနင်္ဂနွေနေ့တိုင်း ဘုရားကျောင်းတက်သည်။ယဇ်ပူဇော်သည်။ အလှူငွေထည့်ကြပါသည်။ ’နေဗုဒ်ခနေဇာသည် ဘုရားသခင်၏ သန့်ရှင်းသောအရာများကိုမည်သို့ထိမ်းသိမ်းထားနိုင်ပ့ါမည်နည်း ? သင့်အပြစ်များကြီးလှ ပါသည်။

ဘုရားသခင်မိန့်တော်မူသည်မှာ ‘ငါ၏ပညတ်များကို သင်စောင့်ထိန်းပါကငါထိုသို့မပြုလုပ်ပါ။ မစောင့်ထိန်းပါက သင့်အပြစ်သာဖြစ်သည်။ ’ သူ၏ပညတ်တော်လမ်းနှင့် သူ၏နှုတ်ကပါတ်တော်ကို ဤကာလအတွက် ဂတိတော်အတိုင်းထားပါ။

75 ၇၅။ ယေရမိမှာဘုရားသခင်၏အလိုတော်အရ စေလွှတ်တော်မူခြင်းကိုခံရသော ပရောဖက်ဖြစ်သော်လည်းအမုန်းခံရသည်။ ....သူတို့အားလုံး သူတို့ခေတ်နှင့်သူတို့အမုန်းခံကြရပါသည်။ သူတို့ခေတ်ကာလ ဂိုဏ်းဂဏများနှင့် ဆန့်ကျင်သောအရာများကိုသူတို့လုပ်ကြသည်။ လူတိုင်းသူတို့ကို မုန်းသည်။ ဘုရားများနှင့် အရာခပ်သိမ်းကမုန်းတီးကြပါသည်။ သူတို့၏ဂုတ်ပေါ်မှာ တံပိုးကိုတင်၍ ‘ကိုယ်တော်ရှင် မိန့်တော်မူသည် ’ ဟုသူကဆိုပါသည်။ ‘နှစ်ပေါင်း (၇၀) ကျွန်ခံရမည် ’ ဟုဆိုသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသူနားလည်ခွင့်လွတ်ရသောကြောင့် ဖြစ်ပါသည်။ (နှစ်ပေါင်း ၇၀) ဖြစ်ပါသည်။

76 ၇၆။ ဟာနနိသည်ပရောဖက်တစ်ပါးဖြစ်သည်။ သူ၏အမည်ကို H_a_n_a_n_i_a_hဟုပေါင်းသည်ဟု ကျွန်တော်ထင်ပါ သည်။ လူကြားထဲမှထွက်လာပြီး ယေရမိပုခုံးပေါ်မှတန်ခိုးကိုယူလိုက်ပါသည်။ ချိုးပစ်လိုက်သည်။ ဘုရားသခင်၏ နှုတ်ကပတ် တော်နှင့် ဆန့်ကျင်ဖက်ဖြစ်နေပါသည်။ ‘သူက (၂) နှစ်အတွင်းသူတို့ပြန်ရောက်မည်ဟု ဘုရားရှင်မိန့်တော်မူသည်’ ဟုဆိုပါ သည်။

ဘိသိတ်ခံပရောဖက်နှစ်ပါးဖြစ်ပါသည်။သူတို့နှစ်ဦးကြားမှာ ဘာကွာခြားချက်ရှိပါသနည်း? တစ်ဦးမှာနှုတ်ကပတ်တော်ကို ပြောခွင့်ရှိ၍ အခြားတစ်ဦးမှာမရှိပါ။ ယေရမိက ‘အာမင်’ ဟုဆိုပါသည်။

77 ၇၇။ အကြီးအကဲများနှင့်ပရိတ်သတ်များ ဣသရေလလူမျိုး အားလုံးရှေ့မှာ သူသည် ယေရမိကဲ့သို့ ကြီးမြတ်ကြောင်းကိုပြသ လိုပါသည်။ ‘သူတို့ကသင့်ကို ဘယ်လိုဘဲဖြစ်ဖြစ် မကြိုက်နှစ်သက်ပါ။ ကျွန်တော်သည် ပရောဖက်ဖြစ်ပါသည်။သူ့ထက်သာ သော ပရောဖက်ဖြစ်ပါသည်။ အကြောင်းမှာ လှည့်ဖျား၍ပရောဖက်ပြုနေခြင်းသာဖြစ်ပါသည်။ ဘုရားသခင်၏လူများက ထိုသို့သော အရာများလက်အောက်တွင်ရှိရပေမည်မဟုတ်ပါလား။’

ယနေ့လည်း သူတို့ကထိုသို့ပင်ပြောဆိုနေပါသည်။ သင်သည်လည်း အလားတူပင်ဖြစ်ပါသည်။ အသင်းတော်ကဲ့သို့ဖြစ်ပြီး သင်သည်ကျိန်ခြင်းခံနေရပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်အစားသူ၏အစဉ်အလာကို အသင်းတော်များ အားလုံးနှင့် ဂိုဏ်းဂဏများအားလုံးက လိုက်နာကြပါသည်။ဘုရားရှင်၏ကျိန်ဆိုခြင်းကိုခံရပါသည်။

78 ၇၈။ ဟာနနိကသူ၏ဂုတ်ပေါ်မှ တံပိုးကိုမလိုက်ပါသည်။ ချိုးပစ်လိုက်ပြီး ‘ဘုရားရှင်မိန့်တော်မူသည်’ ဟုဆိုပါသည်။ ‘နှစ်နှစ်အတွင်းသူတို့ပြန်လာပါမည်’။ ‘ငါသည်မည်သူဖြစ်သည်’ ဟုဖေါ်ပြပါသည်။ သူသည် အဖွဲ့အစည်းဆိုင်ရာ ပရောဖက်ဖြစ် နေသောကြောင့် ဖြစ်ပါသည်။

ယေရမိမှာ မိမိဖာသာနေသောတောပျော်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ သူတို့မကောင်းသောကြောင့် တစ်ချိန်လုံးသူတို့မကောင်းသည့်အကြောင်းကို ပရောဖက်ပြုနေသော ပုဂ္ဂိုလ်တစ်ပါးပင် ဖြစ်ပါသည်။

ဤသူက သူတို့အားပြောပါသည်။ ‘သင်တို့အဖွဲ့အစည်းနှင့်ဆိုင်နေသမျှကာလပတ်လုံးသင်တို့ကောင်းနေကြပါသည်။ သငတို့ ဣသရေလဖြစ်နေသမျှကာလပတ်လုံးလိုအပ်သမျှအရာပင်ဖြစ်ပါသည်။......ဘုရားသခင်ကထိုသို့မပြုလုပ်ပါ။ ဤနေရာ မှာ တစ်ခုခုဖြစ်ပျက်ခဲ့ကြောင်း ကျွန်တော်သိပါသည်။မကြောက်ပါနှင့်။’

ညီအစ်ကိုတို့သူတို့ယနေ့တိုင်သက်ရှင်နေဆဲဖြစ်ပါသည်။ ‘စိတ်မပူနှင့်’။ အားလုံးကောင်းပါသည်။ အားလုံးကိုကျွန်တော် တို့ ထိန်းချုပ်ထားနိုင်ပါသည်။ ကျွန်တော်တို့သည် အသင်းတော်ဖြစ်ပါသည်။သင်မစဉ်းစားမိဘူးလား။

79 ၇၉။ သူကအရာခပ်သိမ်းကောင်းပါသည်။ နှစ်နှစ်အတွင်းသူတို့ပြန်ရောက်လာကြပါမည်။ ဖြစ်ပျက်ခဲ့သောအကြောင်းအရာ ကလေးပင်ဖြစ်နေပါသည်။ ဖြစ်နေကြမဟုတ်သော အရာမဟုတ်ပါ။ကျွန်တော်တို့မှာရှိနေပါသည်။ နေဗုခဒ်နေဇာ ဤအပေါ်သို့ တက်လာပါသည်။ သို့သော်လည်းကျွန်တော်တို့၏ဘုရားသခင်က ဤအရာအားလုံးကိုတာယန်ယူပါသည်။

သို့သော်လည်း နှုတ်ကပတ်တော်ကသူတို့ထိုနေမှာနှစ်ပေါင်း ၇၀ နေရမည်ဟု ဆိုထားပါသည်။ ထိုမျိုးဆက်တစ်ဆက် ပျောက်ကွယ်သွားသည်အထိ ဖြစ်ပါသည်။ နောက်တစ်ဆက်ပါပါသေးသည်။ နှစ်ပေါင်း ၄၀ မှာမျိုးဆက်တစ်ပင်ဖြစ်ပါသည်။ မျိုးဆက်နှစ်ဆက်နီးပါး ‘သင်တို့နေရာမှာနေပါသည်။’ ယေရမိကလည်း ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်အညီဖြစ်သည်ဟု ဆိုထားပါသည်။

ဟာနနိက ထိုတံပိုးကိုချိုးလိုက်ပါသည်။ယေရမိက ‘ကောင်းပြီ’ ‘အာမင်’။ဟာနနိက ဤအရာကို ကျွန်ုပ်တို့သတိရကြပါစို့။ ငါတို့နှစ်ဦးစလုံးမှာ ပရောဖက်များဖြစ်ကြပါသည်။ဓမ္မအမှုတော်ဆောင်များဖြစ်ကြပါသည်။ ငါ၏ညီအစ်ကိုတို့ သင့်အား ကျွန်ုပ်ဤအကြောင်းကိုပြောလိုပါသည်။ ပရောဖက်များရှိခဲ့သည်ကို ငါတို့သတိရကြပါစို့။ သူတို့ကနိုင်ငံတော်များကိုဆန့်ကျင်၍ ပရောဖက်ပြုကြပါသည်။တစ်စုံတစ်ခုသောအကြောင်းအရာများကို ဆန့်ကျင်၍လည်း ပရောဖက်ပြုကြပါသည်။ ပရောဖက်ကတစ်စုံတစ်ခုကို ပြောသည့်အခါ သူသည် မိက္ခာနှင့် မောရှေကဲ့သို့သောပရောဖက်များကဲ့သို့ ပရောဖက်ပြုကြပါသည်။ နှုတ်က ပတ်တော်နှင့်အညီ ဖြစ်ရပေမည်။မဟုတ်ပါက ဘာဖြစ်သည်ကိုသတိရပါ။

80 ၈၀။ ၎င်းနောက်ဟာနနိတည်းဟူသော သူ၏ဖြောင့်မတ်သော ဂုဏ်သိက္ခာနှင့် ထရပ်လိုက်ပါသည်။ ‘ကျွန်ုပ်သည် ဟာနနိဖြစ် သည်။ ကျွန်တော်က(၂)နှစ်’ ဟုပြောပါသည်။တစ်နည်းအားဖြင့်ဆိုသော် ‘နှုတ်ကပတ်တော်ဘာပြောသည်ကိုကျွန်တော်ဂ ရုမစိုက်ပါ။’ သူ၏ဘိသိတ်ပေးခြင်းပင်ဖြစ်ပါသည်။ ‘(၂)နှစ်အတွင်း သူတို့ပြန်ရောက်လာမည်’ ဟုကျွန်တော်ပြောလိုပါသည်။

ယေရမိက သူ့ရှေ့မှထွက်လျှောက်သွားသည်။အပြင်သို့ထွက်၍ပြောပါသည်။ ‘ကိုယ်တော်ရှင်ကသူဘာပြောသည်ကို ကျွန်တော်ဂရုမစိုက်ပါ။ ကျွန်တော်ယုံကြည်ဆဲဖြစ်၍နှုတ်ကပတ်တော်ဘာပြောသည်ကိုသိပါသည်။ ကိုယ်တော်အပေါ် ကျွန်တော် သစ္စာရှိပါမည်။သူ၏လှည့်ဖျားခြင်းကို ကျွန်တော်မခံပါ။’

ဘုရားသခင်မိန့်တော်မူသည်မှာ ‘ဟာနနိကိုသွား၍ပြောပါ။သံမှငါထုတ်လုပ်မည်။ နောက်ထပ်တံပိုးတစ်ခု ငါလုပ်မည်’ ဟု ဆိုသည်။ ထိုသို့ပြုလုပ်သောကြောင့် ကမ္ဘာမြေကြီးပေါ်မှထုတ်ယူခြင်းကို ခံရပါသည်။ ထိုနှစ်မှာပင် ဟာနနိသေဆုံးသည်။

ပရောဖက် (၂) ပါးစလုံးဖြစ်သည်။ဥပမာများပင်ဖြစ်ပါသည်။ ဤအချိန်မှာ ထိုထက်ပို၍ များပြားစွာပြောပြနိုင်ပါသေး သည်။

81 ၈၁။ သခင်ယေရှုကလည်းထပ်မံ၍ ထိုအကြောင်းကို ပြောဆိုပါသေးသည်။ ဝိညာဉ် (၂) ပါးစလုံးမှာ အလွန်နီးကပ်စွာတစ်ဖန် ရှိနေပါအုံးမည်။ မှန်ပါသလား ?[ပရိသတ်က ‘အာမင်’ ဟု ဆိုသည်။ အယ်ဒီတာ] ပိုမို၍နီးကပ်လာပါမည်။ နောက်ဆုံးအ ချိန်ရောက်နေပါပြီ။ အိုကလေးတို့ ဘုရားသခင်ကျွန်တော်တို့အပေါ် ဂရုဏာရှိတော်မူပါ။ ‘ဖြစ်နိုင်လျှင် ရွေးချယ်ထားသူများကိုပင် လှည့်ဖျားသွားလိမ့်မည်’ ဟုဆိုထားပါသည်။ သူတို့ကိုသင်မည်သို့ပြောဆိုပါမည်နည်း ယနေ့ မည်သို့ပြောဆိုပါမည်နည်း။ ထိုနည်း တူပင်ဖြစ်သည်။ နှုတ်ကပတ်တော်၌တည်ပါ။ ‘ ယေရှုခရစ်တော် မနေ့၊ ယနေ့ နှင့်နောင်ကာလ အတူတူပင်ဖြစ်ပါသည်။’

ဤသတင်းစကားအားလုံးကို သတိပြုတော်မူပါ။သင်သည်တိတ်ခွေကို နားထောင်ပါက ဤလောကမှာ ကိုယ်တော်သည် ကျွန်ုပ်နှင့်ပက်သက်၍အမှုပြီးဆုံးသွားပါက ကျွန်တော်လည်း သွားရတော့မည်ဖြစ်ပါသည်။ သင်လည်းထိုသို့ပြန်၍ညွှန်းလိမ့်မည်။ ငါ၏အသံကိုနားထောင်ပါ။ ငါဘာပြောသည်ကိုနားထောင်ပါ။သူကြွလာတော်မမူမီ ငါ့အားခေါ်ပါက သတိရပါ။ သခင်ယေရှု၏နာ မ၌ ငါသည်သင့်အားပြောဆိုပါမည်။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်အားဖြင့်ဖြစ်ပါသည်။

82 ၈၂။ ‘ဖြစ်နိုင်လျှင် ရွေးချယ်ထားသောသူများကိုပင်လျှင် လှည့်ဖျားသွားနိုင်သဖြင့် တစ်ဦးနှင့်တစ်ဦး အလွန်နီးကပ်စွာပူးပေါင်းနေကြပါ။’ အလားတူအံ့ဘွယ်နိမိတ်လက္ခဏာများကို တစ်ပါးတည်းသော ဝိညာဉ်တော်က ပြုလုပ်ပါမည်။ မှန်ပါသလား ? [ပရိ သတ်က ‘အာမင်’ ဟုဆိုသည်။ အယ်ဒီတာ] ကျွန်တော်တို့ပြောသောပရောဖက်များကဲ့သို့ပင်ဖြစ်ပါသည်။ ယခုလည်း ရေးသား ထားပါသည်။.....

(၂ တိ)ကိုဖွင့်၍ဖတ်ပါ။.....

နာရီကိုကြည့်ပြီးကျွန်တော်က အများစုကိုချန်လုပ်ထားလိုပါသည်။ ယခုမလုပ်သင့်ဟု ကျွန်တော်ထင်ပါသည်။ ဤနေရာမှာကျွန်တော်ရပ်နေပြီး ကျွန်တော်ကဲ့သို့ ခွန်အားယူပါက ပျော်မိပါသည်။ မှန်ကန်သည်ဟုကျွန်တော်ထင်ပါသည်။ (၂ တိ ၃း၈)

83 ၈၃။ တမန်တော်ကြီးရှင်ပေါလုက ‘ကောင်းကင်တမန်ကောင်းကင်ဘုံကဆင်းသက်လာပြီး ငါပြောသည့်အရာနှင့်မတူသော စကားများကိုပြောဆိုပါကကျိန်ခြင်းအမင်္ဂလာသက်ရောက်ပါစေ။’ ယခုအခါမှာကောင်းကင်တမန်ဆင်းသက်လာပါသည်။ (၂သက်) ပင်ဖြစ်သည်။....အို..ကျွန်တော်မှားသွားပါသည်။

(၂တိ ၃း၈)ကိုသတိပြု၍ကြည့်ပါ။ ပေါလုပြောဆိုသည်ကို ကြည့်ပါ။ ပထမဆုံးကျမ်းပိုဒ်ဖြင့်စတင်၍ပြောဆိုပါမည်။ သေချာစွာနားထောင်ပါ။ သမ္မာကျမ်းစာ သင့်မှာရှိလျှင်ကျွန်တော်ကို ဖတ်ပြပါ။ သမ္မာပါမလာပါက သေချာနားထောင်ပါ။ ‘နောင်ကာ လသည် ခဲယဉ်းသောကာလဖြစ်မည်’ ဟု....... ‘နောင်ကာလသည်’ ဟူသောစကားလုံးကို တားထားပါ။ဘာဖြစ်မည်ကို ပြောသော အချိန်ပင်ဖြစ်ပါသည်။ ‘ခဲယဉ်းသောကာလဖြစ်သည်။’ (ကျွန်တော်တို့ရောက်ရှိနေပါပြီ) ‘အဘယ်သို့နည်းဟူမူကားလူတို့သည် ကိုယ့်ကိုယ်ကိုချစ်သောသူ၊ ငွေကိုတပ်မက်သောသူ၊ ဝါကြွားသောသူ၊ထောင်လွှားစော်ကားသောသူ၊ သူ့အသရေကို ရှုတ်ချသောသူ၊ မိဘစကားကိုနားမထောင်သောသူ၊ကျေးဇူးမသိသောသူ၊ သန့်ရှင်းခြင်းမရှိသောသူ’ ........

84 ၈၄။ ယနေ့ကျွန်တော်တို့ရောက်နေသောကာလကိုကြည့်ပါ။ အလွန်ပင် ဆိုးဝါးလှပါသည်။လမ်းပေါ်မှာသွားလာနေသူများ လူငယ်များမှာ ဆံပင်ကိုနဖူးပေါ်သို့ချလျှက်အမျိုးသမီးများ ကဲ့သို့ပင်ဖြစ်ပါသည်။ ပျက်စီးသောသူများမှာ သောဒုံမြို့သားများပင် ဖြစ်ပါသည်။

ယခုနှစ် Reader's Digest မဂ္ဂဇင်းကို သင်တို့ဖတ်ကြပါသလား ? ‘ယခုခေတ်ကာလအမေရိကန်လူမျိုးများအကြောင်း ဖြစ်ပါသည်။ အသက် (၂၀) နှင့် (၂၅) နှစ်အရွယ် လူလတ်ပိုင်းများ၏ အခြေအနေပင်ဖြစ်ပါသည်။သူတို့၏ဘဝဆုံးပါပြီ။ သူတို့မှာ ပျက်စီးနေပြီဖြစ်ပါသည်။ သိပ္ပံပညာအရ ထိုသူမှာလူလတ်ပိုင်းအရွယ်ဖြစ်ကြောင်း ပြောဆိုပါသည်။ အမျိုးသမီးတစ်ဦးမှာ သူ၏ (၂၀) ကျော်အရွယ်ခန့်မှာ ကိုယ်ခန္ဓာတစ်ခုလုံး ပုပ်သိုး၍ ညစ်ညူးနေပြီဖြစ်ပါသည်။

85 ၈၅။ အို..အမေရိကန်ဘုရားသခင်သည် သင့်အတွက် ဘယ်နှစ်ခုမြောက် စိတ်ရှည်စောင့်ဆိုင်းခဲ့ရပါသနည်း ? ယခု သင်၏အ ချိန်ကာလရောက်လာပြီဖြစ်ပါသည်။ ကမ္ဘာလောကကြီးကို ညစ်ညူးစေရန်အတွက် သင်ကလမ်းပြခဲ့ပါသည်။....သူ့အသရေကိုရှုတ်ချသောသူ၊ မိဘစကားကို နားမထောင်သောသူ၊ ကျေးဇူးမသိသောသူ၊သန့်ရှင်းခြင်းမရှိသောသူ၊ ပကတိကြင်နာစုံဖက်ခြင်းနှင့်ကင်းသောသူ....တစ်ဦးကိုတစ်ဦးစစ်မှန်သောမေတ္တာမရှိသူများ ဖြစ်ပါသည်။ အမျိုးသားက အမျိုးသမီးကို၊ အမျိုးသမီးကအမျိုးသားကို မေတ္တာစစ်မရှိတော့ပါ။ ‘ပကတိကြင်နာစုံဖက်ခြင်းနှင့်ကင်းသောသူ’ ညစ်ညူးခြင်း၊လိင်နှင့်ပက်သက်၍ ညစ်ညူးခြင်းရှိပါသည်.....ရန်ညိုးဖွဲ့သောသူ၊ ချောစားသောသူ၊ကိုယ့်အန္တေကိုမချုပ်တည်းတတ်သောသူ၊ ပြင်းထန်သောသူ၊ သူတော်ကောင်းကိုမုန်းသောသူ။

တစ်နည်းအားဖြင့်ဆိုလျှင် ‘သန့်ရှင်းသော ကခုန်သူအုပ်စု’ ဟု ဆိုကြပါသည်။ တစ်စုံတစ်ယောက်သောသူကဘုရားကျောင်းတက်ရန်ပြောပါသည်။ ‘မသွားပါနှင့်၊ အရမ်းဆူညံအော်ဟစ်နေတာဘဲ’ ဟု ပြောကြပါသည်။ ‘သူတော်ကောင်းကို မုန်းသောသူ’ ဆိုသည့်စကားကိုကြည့်ပါ။ ‘သစ္စာကိုဖျက်တတ်သောသူ၊သတိပေးခြင်းကိုမခံသောသူ၊ မာန်မာနှင့်ယစ်မူးသောသူ၊ ဘုရားသခင်ကိုနှစ်သက်သည်ထက်ကာမဂုဏ်ခံစားခြင်းကိုသာ၍နှစ်သက်သောသူ၊ သင်က ’ဘုရားသာဘုရမ်ဟမ်အဲဒါကွန်မြူနစ် တွေဘဲ ‘ ဟုပြောပေမည်။ နောက်ထပ်ကျမ်းပိုဒ်ကဘာပြောသည်ကို ဆက်၍ကြည့်ပါ။ ’ဘုရားဝတ်၌မွေ့လျော်ယောင်ဆောင်၍ မွေ့လျော်ခြင်းတန်ခိုးကို ငြင်းပယ်သောသူဖြစ်ကြလိမ့်မည်။ ‘(နှုတ်ကပတ်တော်က ယေရှုခရစ်သည် မနေ့၊ ယနေ့နှင့်ထာဝ ရကာလ အတူတူပင်ဖြစ်ကြောင်း နောက်တစ်နေ့အတွက် ဂတိပေးတော်မူပါသည်။)

ဟာနနိကဲ့သို့၊ ဇေဒကိကဲ့သို့ ၊ဘာလမ်ကဲ့သို့ အတိအကျပင်ဖြစ်ပါသည်။ အခြားသော မိစ္ဆာပရောဖက်များကဲ့သို့ ဖြစ်ပါ သည်။

ဘုရားဝတ်၌မွေ့လျော်ယောင်၍ဘိသိတ်ပေးခြင်းခံရသကဲ့သို့ ဖြစ်သည်.....သိက္ခာဆရာ၊ ဘိသိတ်ပေးခြင်းခံရသူ၏ပုံသဏ္ဍာန်ရှိပါသည်။ ဘုရားဝတ်၌ မွေ့လျော်ယောင်ဆောင်၍ ကိုယ်တော်ရှင်သည် မနေ့၊ ယနေ့၊နောင်ကာလ အတူတူပင်ဖြစ် ကြောင်း ငြင်းပယ်သောသူဖြစ်သည်။ ......ကိုယ်တော်ရှင်၏နှုတ်ကပတ်တော်ကိုငြင်းပယ်သည်။

ယနေ့သူတို့မှာ ဘာဖြစ်ပါသနည်း ? အလားတူပင် ဘိသိတ်ခံပုဂ္ဂုလ်များဖြစ်၍ပင်တေကုတ္တေဇဝံဂေလိတရားဟောပြော၍ နှုတ်ကပတ်တော်၏ ဂတိတော်ကို ငြင်းပယ်ကြပါသည်။ ‘သခင်ယေရှုသည် မနေပ၊ ယနေ့ နှင့် ထာဝရကာလအတူတူပင်ဖြစ်ပါ သည်။’ သင်သဘောပေါက်ပါသလား ? [ပရိသတ်က ‘အာမင်’ ဟုဆိုပါသည်။-အယ်ဒီတာ]

ဒုစရိုက်အပြစ်ဝန်ကိုထမ်းရွက်၍ အထူးထူးအပြားပြားသောလောဘကိလေသာ သွေးဆောင်ရာသို့လိုက်၍ အစဉ်သင့် သော်လည်း သမ္မာတရားကိုလေ့ကျက်ခြင်းသို့ အလျှင်းမရောက်နိုင်သောမိန်းမမိုက်တို့ကို အိမ်ထဲသို့ဝင်၍ ဖမ်းသွားသောသူတို့ သည် ထိုသူတို့အဝင်ဖြစ်ကြ၏ ။

‘ငါတို့၏ပါတီပွဲများစသည်၊ စသည်ဖြင့်ရှိပါသည်’ တစ်စုံတစ်ယောက်သောသူကရောက်လာပြီး နှုက်ကပတ်တော်ကို မှားယွင်းလွဲချော်မှုမှာအနက်ဖွင့်ဆိုရန်ကြိုးစားပါသည်။ ‘ကိစ္စမရှိပါသူး။ဆံပင်တို့ကိုညှပ်နိုင်ပါသည်။ သူတို့ပြောတာတွေနား မထောင်ပါနှင့်။ ဒါဝတ်ရင်အမျိုးမဟုတ်ဘူး။ စိတ်နှလုံးထဲကထွက်လာတဲ့အရာသာ သူ့ကိုညစ်ညူးစေတာပါ။စသည်ဖြင့်ပြော ပါသည်။ သင်သည် မကောင်းဆိုးဝါး။ လောဘလွန်ကျူး၍ ညစ်ညူးသောဝိညာဉ်ဖြင့်ဘိသိတ်ခံဂသည်ကို မသိပါသလား။ သင့်ထဲမှာ ဝိညာဉ်ဆိုးရှိနေပေမည်။ နှုတ်ကပတ်တော်နှင့်ဆန့်ကျင်နေပါသည်။ သမ္မာကျမ်းစာပြောသည့်အကြောင်းအရာမှာ ’ကျွန်ုပ်သည်တိုနံ့နံ့ကလေးများဝတ်သော်လည်း အပြစ်စီရင်ခြင်း ခံရသည်မဟုတ်ပါ။‘ ဟုဆိုပါသည်။

‘ယောကျာ်းဝတ်သည့်အဝတ်ကိုဝတ်သည့်မိနေ်းခလးမှာ ဘုရားသခင်၏ရှေ့တော်မှာ ညစ်ညူးသောအရာပင်ဖြစ်ပါသည်။’ မပြောင်းလဲသောဘုရားရှင်မိန့်တော်မူပါသည်။

86 ၈၆။ ပြောစရာများစွာရှိပါသည်။အချိန်မလုံလောက်သည့်အတွက် ဘယ်လိုမှပြော၍မရနိုင်တော့ပါ။ မည်သည့်အရာများသည် မှန်သည်ကိုသင်တို့သိသင့်သလောက် သိပါသည်။ သူတို့ပြုလုပ်ရန်အတွက် ကျွန်ုပ်မည်သို့လုပ်ရပါမည်နည်း ? ‘ခင်ဗျားဘာအကြောင်းပြောနေပါသနည်း ?’ သင်နှင့်ကျွန်တော်မှာ ဆန့်ကျင်ဖက်ဖြစ်နေပါသည်။တရားစီရင်သောနေ့မှာ သင်ထပ်မံ၍ ဒေါင့်ကပ်နေရတော့မည်မဟုတ်ပါ။

87 ၈၇။ မိက္ခာကမည်သို့ရပ်တန့်စေနိုင်ပါမည်နည်း မောရှေက ဟစ်အော်၍ရပ်နိုင်ရန် မည်သို့ကြိုးစားနိုင်ပါမည်နည်း။ ယောရှု မှာလည်း လူအုပ်ကြားမှာ ပြေးလွှားလျှက်လေဝိမှာသူ၏ဒါးကိုထုတ်၍ သူတို့ကိုမည်ကဲ့သို့ သတ်ဖြတ်နိုင်ပါမည်နည်း ? သူတို့ထိုကဲ့သို့ပင် ဖြစ်ပျက်ခဲ့ပါသည်။

သူတို့ ပြုလုပ်မည်ဟု ကြိုတင်ဟောကိန်းထုတ်ခဲ့ပါသည်။သူတို့ပြုလုပ်ကြမည်ဖြစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်ရှင်မိန့်တော်မူခြင်းကြောင့်ပင် ဖြစ်ပါသည်။ သူတို့ပြုလုပ်ကြပါမည်။ သူတို့၏ရာထားချက်များပျက်စီးသွားမည်ဟု သင်ထင်ပါသည်။ သူတို့၏ ဂိုဏ်းဂဏများနှုတ်ကပတ်တော်အတိုင်း ပြန်လာပါမည်လား ?ကိုယ်တော်ရှင် မိန့်တော်မူပါသည်။ ပြန်မလာပါ။ အန္တိခ ရစ်ကဲ့သို့ဖြစ်မည်လား ? ဖြစ်ပါမည်။ ကိုယ်တော်ရှင်မိန့်တော်မူသောကြောင့် ဖြစ်ပါသည်။ သင်ဘာအကြောင်းပြောနေပါသနည်း ? ကျွန်တော်က သက်သေဖြစ်သကဲ့သို့သင်လည်းဖြစ်ရပါမည်။

‘ဒုစရိုက်အပြစ်ဝန်ကိုထမ်းရွက်၍.....မိန်းမမိုက်တို့ကို.....

88 ၈၈။ ‘ဤအမျိုးသမီးအားလုံးလည်း လုပ်ကြပါသည်။’ မိစ္ဆာပရောဖက်များနားထောင်ပါ။မိစ္ဆာပရောများ ငါပြောသည့်အကြောင်း အရာဖြစ်ပါသည်။ နောက်ဆုံးသောနေ့ရက်မှာသူတို့ဘာလုပ်ပါမည်နည်း ?.....လောကကိလေသာသွေးဆောင်ရာသို့လိုက်၍ ....မိန်းမမိုက်တို့ကို. ...'ဤအမျိုးသမီးများအားလုံးကို ငါသိပါသည်။ ‘ ဆက်ဖတ်ပါ။

ကာလီဖိုးနီးယားတွင် ဤကြီးမားသောအဖြစ်အပျက် မဖြစ်ပျက်မီ ငါဘာပြောပါသနည်း ?လော့စ်အင်ဂျလိတွင်ရှိသော သူ များ် နှစ်စဉ်နှစ်တိုင်း ကျွန်တော်ပြန်လာသောအခါဆံတိုအမျိုးသမီးများ ပိုများလာပါသည်။ အဖွဲ့အစည်းများထဲသို့ ဆရားဟော ဆရာ အများစုပါဝင်သွားကြပါသည်။ သင်တို့အကြောင်းပြချက်ပေးလို့မရတော့ပါ။ သောဒုံမြို့နှင့်ဂေါမောရမြို့ကတို့တွင် ဖြစ်ပျက် သမျှ ယခုဖြစ်ပျက်နေပြီဖြစ်ပါသည်။ လော့စ်အင်ဂျလိဟုမှည့်ခေါ်ထားသောမြို့အမည်မှာ ကောင်းကင်တမန်၏အမည်ပင်ဖြစ်ပါ သည်။ ဘာဖြစ်နေပါသနည်း ? သူမသည် ပင်လယ်ရေအောက်ထဲသို့ကျနေပြီဖြစ်သည်။ ဘယ်အချိန်ဖြစ်ပါသနည်း ?ဘယ်အချိန် ဖြစ်မည်ကိုမသိပါ။ သို့သော်လည်းဖြစ်နေပါပြီ။ လူငယ်များကြည့်ပါ။ကျွန်တော်မမှီသော်လည်း သင်တို့မှီကောင်းမှီပေမည်။ မြို့ပျက် သွားပါပြီ။ ပို၍သင်မနာခံသော်လည်း......သမ္မာတရား၏အသိဉာဏ်ကို ဘယ်သောအခါမှမမှီနိုင်ပါ။

ပို၍တုန်လှုပ်ဖွယ်ကောင်းသော အပိုင်းသို့ရောက်လာပါပြီ။နားထောင်ကြည့်ပါ။

ယန္နေ နှင့် ယံဗြေသည်မောရှေကိုဆီးတားသကဲ့သို့ ထိုသူတို့သည် သမ္မာတရားကို ဆီးတားကြ၏ ။စိတ်နှလုံးယိုယွင်း၍ ယုံကြည်ယောင်ဆောင်သောသူဖြစ်ကြ၏ ။ တစ်ချိန်က သန့်ရှင်းသူများသိခဲ့ကြပါသည်။

'ယုံကြည်ခြင်းနှင့်ပက်သက်၍' ဘိုးဘေးတို့၏ယုံကြည်ခြင်း (သို့)သားသမီးတို့၏ယုံကြည်ခြင်းကို ဘိုးဘေးတို့ထံသို့ ပြန်ရောက်စေပါမည်။

89 ၈၉။ ယုံကြည်ခြင်းနှင့်ပက်သက်၍သစ္စာမရှိခြင်းပင်ဖြစ်ပါသည်။ Reprobate၏အဓိပ္ပါယ်ကိုသိပါသလား?Scotield ကျမ်းစာအုပ်တွင်ကြည့်ပါ။ Apostasyဟုဆိုထားပါသည်။ သစ္စာမရှိခြင်း၊ ရွေ့လျော့ဖောက်ပြန်ခြင်းပင်ဖြစ်ပါသည်။

90 ၉၀။ ဤနေရာမှာရေးသားထားသောအရာတစ်ခုရှိပါသည်။ကျွန်တော်ရေးထားခြင်းဖြစ်ပါသည်။ကျွန်တော်ကြည့်လိုပါသည်။ မသေချာပါ။ ကျွန်တော်မပြောမှီ ကြည့်လိုပါသည်။တစ်မိနစ်ခန့်စောင့်ပါ။ [တိပ်သားပေါ်မှာကွက်လပ်ဖြစ်နေပါသည်။ အယ်ဒီတာ]သမ္မာတရားနှင့်ပက်သက်၍ ဖောက်ပြန်ခြင်းဖြစ်ပါသည်။ ယုံကြည်ခြင်းနှင့်ပက်သက်၍ယုံကြည်ခြင်း တစ်ခုသာရှိပါသည်။ 'ယုံကြည်ခြင်းနှင့်ပက်သက်၍ ဖောက်ပြန်ခြင်းပင်ဖြစ်ပါသည်။'

ရှင်လုကာ အခန်းကြီး(၁၈) ကိုဖတ်လိုပါသည်။ရေးချစရာမလိုပါ။ ဖတ်စရာလည်းမလိုပါ။

လူတို့သည် အားမလျှော့ဘဲကြိုးစား၍ဆုတောင်းရမည့်အကြောင်းကို ဥပမာစကားအားဖြင့် မိန့်တော်မူသည်ကား မြို့ တစ်မြို့၌ဘုရားသခင်ကိုမကြောက်ရွံ့၊ လူကိုအားမနာတတ်သော တရားသူကြီးတစ်ယောက်ရှိ၏။ထိုမြို့၌နေသော မုဆိုးမ တစ်ယောက်သည် တရားသူကြီးထံသို့သွား၍ ကျွန်မရန်ဘက်ကိုလက်စားချေလောက်အောင် အပြစ်အလျှောက်ဒ ဏ်စီရင်ပါ ဟု တောင်းပန်သော်လည်း တရားမစီရင်ဘဲကြာမြင့်စွာနေ၏။ ထို့နောက် တရားသူကြီးက ငါသည်ဘုရားသခင်ကို မကြောက်ရွံ့၊လူကိုအားမနာတတ်သောသူဖြစ်သော်လည်း ဤမုဆိုးမသည် ငါ့ကို နှောင့်ယှက်သောကြောင့်သူ့ဘက်၌ တရားစီရင်မည်။ သို့မဟုတ် အစဉ်လာ၍ ငါ့ကိုပင်ပန်းစေလိမ့်မည်ဟုစိတ်ထဲ၌အကြံရှိ၏။ မတရားသော ထိုတရားသူကြီး၏အကြံကို မှတ်ကြလော့။ ဘုရားသခင်ကိုရွေးကောက်တော်မူသောသူတို့သည် နေ့ ညဥ့်မပြတ် အော်ဟစ်၍တောင်းလျှောက်လျှင်ဘုရားသခင်သည် ထိုသူတို့ဘက်၌ တရားမစီရင်ဘဲ နေတော်မူမည်လော။ ကြာမြင့်စွာနေတော်မူမည်လော။ ငါဆိုသည်ကား သူတို့ဘက်၌ အလျှင်အမြန်တရားစီရင်တော်မူမည်။ သို့သော်လည်း လူသားကြွလာသောအခါ ယုံကြည်ခြင်းကိုမြေကြီးပေါ်မှာတွေ့မည်လောဟု သခင်ဘုရားသည်မိန့်တော်မူ၏။

91 ၉၁။ မေးခွန်းဖြစ်ပါသည်။ ဗျာဒိတ်အခန်းကြီး (၁၀) တွင် ကျွန်တော်ပြောဆိုသောအရာပင်ဖြစ်ပါသည်။ မိနစ်အနည်းငယ်အ တွင်း အခြားကျမ်းပိုဒ်တစ်ပိုဒ်လေ့လာပါမည်။ကိုယ်တော်ရှင်မိန့်တော်မူသည်မှာ... 'ဝမ်းမြောက်စရာသတင်းကို ဗျာဒိတ်ထားတော်မူသည်နှင့်စပ်ဆိုင်သော ဘုရားသခင်၏ နက်နဲသောအရာသည် ကာလမနှေးဘဲသတ္တမကောင်းကင်တမန်တံပိုးမှုတ်ခြင်း အသံ မြည်သောနေ့ရက်ကာလ၌ ပြည့်စုံခြင်းသို့ရောက်မည်ဟု... မေးခွန်းရှိပါသည်။ ဤအချိန်ကာလမှာလိုက်နာပါက ပြီးဆုံးမည်ဖြစ်ပါ သည်။ ငါသည် ယုံကြည်ခြင်းကို တွေ့ပါမည်လား? မာလခိ (၄) သည် ယခုအချိန်မှာပြည့်စုံပါမည်လား။' သားသမီးများ၏ယုံကြည်ခြင်းကို ပြန်လည်၍ ထိန်းသိမ်းပါမည်။ ဘိုးဘေးတို့၏ယုံကြည်ခြင်းသို့ပြန်ရောက်စေပါမည်။ နှုတ်ကပတ်တော် တည်းဟူသော မူရင်း မျိုးစေ့ပင်ဖြစ်ပါသည်။

92 ၉၂။ ယန္နေနှင့်ယံဗြေသည် တားဆီးသောသူများဖြစ်ကြပါသည်။ ၂ တိ (၃း၈) တွင် ဖော်ပြသကဲ့သို့ 'ယန္နေနှင့် ယံဗြေသည် မောရှေကိုဆီးတားသကဲ့သို့ ထိုသူတို့သည် သမ္မာတရားကို ဆီးတားကြ၏။ စိတ်နှလုံးယိုယွင်း၍ယုံကြည်ယောင်ဆောင် သောသူဖြစ်ကြ၏။'အိမ်ပြန်ရောက်သောအခါ ဖတ်ကြည့်ကြပါ။ သို့မှသာဖတ်ရှု၍ ပြီးစီးသွားမည်ဖြစ်ပါသည်။အသက်ရှင်နေ ထိုင်သည့်အခါ စစ်မှန်သောယုံကြည်ခြင်းကို တားဆီးခြင်းဖြစ်သည်။နေထိုင်အသက်မွေးမြူမှုကို တားဆီးခြင်းမျိုးမဟုတ်ပါ။ သူတို့သည်လူကြီးလူကောင်းများဖြစ်၍ ယဉ်ကျေးသူများဖြစ်ကြပါသည်။

93 ၉၃။ မောရှေသည်အီဂျစ်နိုင်ငံသို့ ဆင်းသွားပြီး ကိုယ်တော်ရှင်မိန့်တော်မူသည်ဆိုသော သတင်းစကားကိုဟောကြား၍ ဖော်ပြ ခြင်းခံရပါသည်။ 'ဣသရေလကိုအော်ခေါ်၍အသင်းတော်မဟုတ်ဘဲ လူများကိုဆိုလိုခြင်းဖြစ်ပါသည်။ ဣသရေလမှာ လူမျိုးဖြစ် သည်။ သူတို့သည် အသင်းတော်မဟုတ်ပါ။ 'အသင်းတော်' တည်းဟူသော ဝေါဟာရစကားလုံး၏အဓိပ္ပာယ်မှာရွေးချယ်ခြင်းခံရ သူများဖြစ်ပါသည်။'သူတို့သည် ဘုရားသခင်၏လူများဖြစ်ကြပါသည်။ သူတို့သည် နှုတ်ကပတ်တော်အားဖြင့်ဘိသိ်က်ခံရသောအခါ ရွေးချယ်ခံရသောအခါ ဘုရားသခင်၏အသင်းတော်ဖြစ်လာပါသည်။၎င်းနောက်ပြန်ဖောက်ပြန်၍ ဘုရား သခင်၏နှုတ်ကပတ်တော်ကို မယုံကြည်ဘဲဖြစ်နေပါသည်။မိစ္ဆာပရောဖက်ကို နာခံနေပါသည်။ ထိုအရာများ စိမ့်ဝင်လာသည်ဟုကျွန်တော်မျှော်လင့်ပါသည်။

ဣသရေလမှာ ဘုရားသခင်၏ပရောဖက်ဖြစ်ပါသည်။ဘုရားသခင်၏လက်တော်အောက်မှ ထွက်လာပါသည်။ နှုတ်က ပတ်တော်နှင့်ဘိသိက်ပေးခြင်းခံရပါသည်။... ဘုရားသခင်၏တန်ခိုးတော်အားဖြင့်အံ့ဖွယ်နိမိတ်လက္ခဏာများကို တွေ့ရပါသည်။ ဘုရားသခင်သည် သူတို့အပေါ်တွင်လှုပ်ရှားသွားသောအခါ မိစ္ဆာပရောဖက်ဝင်ရောက်လာပါသည်။ မူရင်းနှုတ်ကပတ်တော်နှင့်ဆန့်ကျင်၍ဟောပြောသွန်သင်ပါသည်။ သူတို့ကြားနာ၍ အားလုံးတောထဲတွင်ကွယ်ပျောက်သွားကြရပါသည်။ လူသုံးဦးသာ အ သက်ရှင်ကျန်ခဲ့သည်။

94 ၉၄။ 'နောဧလက်ထက်က ဝိညာဉ်ရှစ်ဦးသာလျှင် ကယ်တင်ခြင်းခံရသကဲ့သို့လူသားကြွလာတော်မူသောအခါ ထိုသို့ပင်ဖြစ် မည်။' 'လောတ၏နေ့ရက်ကာလကဲ့သို့ သောဒုံမြို့ထဲမှ လူသုံးဦးသာထွက်လာနိုင်သကဲ့သို့လူသားကိုဖော်ပြခြင်းခံရသော အချိန် မှာလည်း ထိုသို့ပင်ဖြစ်ပေမည်။' ကျွန်တော်သမ္မာကျမ်းစာကို အညွှန်းပြု၍ပြောဆိုနေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ် တော်ဖြစ်ပါသည်။ 'ကောင်းကင်နှင့်မြေကြီးကွယ်ပျောက်သွားမည်...' လူနည်းစုသာကယ်တင်ခြင်းခံရပေမည်။

95 ၉၅။ မောရှေကအာရုန်ထံသို့ဆင်းသွားသည်။ မောရှေသည် ဘုရားဖြစ်ရပေမည်။ 'ဘုရားသခင်က သူ့အားဘုရားဖြစ်ရန်ပြောပါသည်။ သင်သည် ဘုရားဖြစ်၍ သင့်အစ်ကိုအာရုန်ကို သင်၏ပရောဖက်ဖြစ်စေပါ။' သူ့နှုတ်ထဲသို့ သင်၏စကားများကိုသင်ထည့်ပါ။

သင်သေချာစွာမပြောနိုင်ပါက သူ့အားပြောစေပါဟုဆိုသည်။ 'သို့သော်လည်း သင်ကလူကို ဆွဲ့အစေပါသည်မဟုတ်ပါလား။ မည်သူက လူကို စကားပြောစေပါသနည်း။' ကိုယ်တော်ရှင်အမှုပြုတော်မူခဲ့ပါသည်။

သူသည်ဆင်း၍ လျှောက်လှမ်းလာပါသည်။သူဘာလုပ်ပါသနည်း? ဘုရားသခင်သူ့အားပြောသောစစ်မှန်၍ မှန်ကန် သော နိမိတ်လက္ခဏာကို ပြုလုပ်ခဲ့ပါသည်။ 'သင်၏တောင်ဝှေးကိုသွား၍ချပါ' ဟု ဘုရားရှင်မိန့်တော်မူပါသည်။ကောက်ကိုင် လိုက်သောအခါ မြွေဖြစ်သွားပါသည်။ သူက တစ်ဖန်ကောက်ကိုင်ပြီးတောင်ဝှေးဖြစ်စေပါသည်။ 'ဖာရောဘုရင်ရှေ့မှာသွား၍ လုပ်ကိုင်ပြသပါ' ဟုဆိုသည်။ ကိုယ်တော်ရှင်မိန့်တော်မူခြင်းပင် ဖြစ်ပါသည်။

ဖာရောဘုရင်က တွေ့သောအခါကျွန်ုပ်ကိုပြောပါသည်။ 'အပေါစားဆန်လှသောမျက်လှည့်ဆရာ၏ပြကွက်ဖြစ်ပါသည်။ ဘာမှအမိပ္ပာယ်မရှိပါ။ ဦးနှောက်ပိုင်းဆိုင်ရာတယ်လီပထီ (Telepathy) ဖြစ်ပါည်။ငါတို့အဖွဲ့ထဲမှာ အလားတူအရာများပြုလုပ်နိုင် သောသူများရှိပါသည်။ လာပါ။ ဘီးရှော့ (Bishop)ရှေ့ထွက်လာပါ။ အလားတူအရာကိုပင် ပြုလုပ်ပြပါ။' စာတန်က ဖာရောဘုရင် အားဖြင့်စကားပြောနေခြင်းဖြစ်သည်။ မောရှေအားဖြင့်လည်း ဘုရားရှင်ကစကားပြောပါသည်။

96 ၉၆။ ယန္နေနှင့်ယံဗြေသည် မောရှေရှေ့မှာ လျှောက်ထွက်သွားပါသည်။ ဤသူထွက်လာသည့် ပုံစံကိုကြည့်ပါ။လူအများ ရှေ့မှာ ထွက်လာပြီးမောရှေပြုလုပ်နိုင်သမျှသောနိမိတ်လက္ခဏာများတစ်ခုစီကိုလိုက်၍ ပြုလုပ်ပါသည်။ 'ဖြစ်နိုင်လျှင် ရွေးချယ် ထားသောသူများကိုပင်လျှင်လှည့်ဖြားသွားလိမ့်မည်' မောရှေပြုလုပ်သော အလားတူအရာကိုပင် ပြုလုပ်ခဲ့ပါသည်။ သဘော ပေါက်ပါသလား။ သမ္မာကျမ်းစာဆိုထားသောအရာ ဖြစ်ပါသည်။ နောက်ဆုံးသောနေ့ရက်များတွင် တဖန်ထပ်မံ၍ပေါ်ထွက် လာဦးမည်ဖြစ်ပါသည်။

မောရှေနှင့် ယံဗြေအကြားမှာဘာကွာခြားချက်များရှိပါသနည်း။ မောရှေက 'ရေထဲမှာသွေးပေါ်ထွက်လာပါစေ' ဟုဆို သည်။ ဤမိစ္ဆာပရောဖက်များက 'ရေထဲသို့သွေးလောင်းထည့်ကြမည်ဟုဆိုပါသည် ဆိုသည့်အတိုင်းလည်း ဖြစ်ပျက်ခဲ့ပါသည်။'

မောရှေကပြောပါသည်။ 'လှေး (fleas) များလာပါစေ' သူဘာရပါသနည်း။ ဘုရားသခင်ထံမှ တည့်တည့်မတ်မတ်ပင် ဖြစ် ပါသည်။

သူဘာလုပ်ပါသနည်း။ သူကပြောပါသည်။ 'ငါတို့လည်း လှေးကောင်များ ဆောင်ယူလာနိုင်ပါသည်။' သူတို့တကယ်ပဲ ဆောင်ယူခဲ့ကြပါသည်။ မောရှေပြုလုပ်နိုင်သောနိမိတ်လက္ခဏာမှန်သမျှ သူတို့လည်းပြုလုပ်နိုင်ကြပါသည်။

စိတ်နှလုံးထဲတွင် မှတ်ထားပါ။ ခဏကြာလျှင်ကျွန်တော်တို့ပြန်၍ လေ့လာကြပါမည်။ သူတို့လုပ်နိုင်သမျှ အားလုံးကို သူတို့လုပ်နိုင်ကြပါသည်။ သို့သော်လည်း နှုတ်ကပတ်တော်၌ မတည်နိုင်ပါ။ နှုတ်ကပတ်တော်၌ကိုမတည်နိုင်ကြပါ။

97 ၉၇။ သူတို့ပြုလုပ်နိုင်ခဲ့ကြပါသည်။သို့သော်လည်း မောရှေတည်းဟူသော စစ်မှန်သောဘုရားရှင်ပို့ဆောင်သည့် ပရောဖက်မှာဘုရားသခင်က စေခိုင်းခြင်းဖြစ်၍ သူတို့နှင့်ရောထွေးခြင်းမရှိပါ။ 'သင်လုံးဝမလုပ်နိုင်ပါ။ သင်မလုပ်နိုင်ပါ။' သူတို့ဘာသာ သူတို့လုပ် သွားပါစေ။ အဖွဲ့အစည်းဆိုင်ရာ ပရောဖက်များဖြစ်ကြပြီး ဆက်လုပ်ကြပါစေ။

မောရှေက ဆက်လုပ်ပါသည်။ဘုရားသခင်၏အသံတော်ကို နားထောင်ပါ။ ဘုရားသခင် ဘာပြောပြော 'သင်ဤအရာကို လုပ်ပါ။' မောရှေက သွား၍ပြုလုပ်ပါသည်။ သူကအသစ်ပြုလုပ်ပါသည်။ သူတို့ပြုလုပ်ကြသောအခါ သူတို့တစ်ဦးစီက အာရုံ ခံစားမှု (သို့)တစ်ခုခုရှိပါသည်။ သူတို့လည်း လုပ်နိုင်ကြပါသည်။ မောရှေကဲ့သို့ပင် ဖြစ်ပါသည်။

98 ၉၈။ ဤသူများပေါ်ထွက်လာကြပါသည်။ သင်တို့မတွေ့ဘဲ နေခဲ့ကြပါသည်။ စစ်မှန်သောအရာက အရင်သွားပြီးမှအတုအ ယောင်ပုံမှားရိုက်သူများနောက်မှလိုက်၍ ပေါ်လာကြပါသည်။ တုပရန်ရောက်လာကြခြင်းဖြစ်ပါသည်။ သူတို့ကတုပကြရပါမည်။ နတ်ဆိုးက ဘာကိုမျှမဖန်တီးနိုင်ပါ။ မူလအရင်းအမြစ်ကိုသူကဖျက်ဆီးခြင်းသာဖြစ်ပါသည်။

အပြစ်ဆိုသည်မှာ အဘယ်အရာဖြစ်ပါသနည်း။ဖြောင့်မတ်ခြင်းကို ပြောင်းပြန်ပြုလုပ်၍ ရပါသလား။ သူသားမယား ပြစ်မှားခြင်းမှာမှန်ကန်ပါသလား။ အမှန်တရားကို ပြောင်းပြန်ပြုလုပ်ခြင်းဖြစ်ပါသည်။လိမ်ညာခြင်းဆိုသည်မှာ အဘယ်အ ရာနည်း။ မှားယွင်းစွာဖော်ပြခံရသောသမ္မာတရားဖြစ်ကြပါသည်။ အယောင်ဆောင်ပုံများ ရိုက်ခြင်းပင်ဖြစ်ပါသည်။

ယာနနိကိုကြည့်ပါ။မူရင်းနှုတ်ကပတ်တော်ကို ပုံမှားရိုက်ခြင်းသာ ဖြစ်ပါသည်။ ဇာခရိကိုလည်း ကြည့်ပါ။မူရင်းနှုတ် ကပတ်တော်ကို ပုံမှားရိုက်ခြင်းသာဖြစ်ပါသည်။

ဤသူများပေါ်ထွက်လာမည်ဟုသမ္မာကျမ်းစာဖော်ပြထားပါသည်။ မူရင်းနှုတ်ကပတ်တော်ကို တုပ၍ ပုံမှားရိုက်ခြင်းပင်ဖြစ် ပါသည်။ သမ္မာတရားဟုဖော်ပြ၍ သက်သေပြခြင်းခံရသောအရာကို တုပခြင်းဖြစ်ပါသည်။

99 ၉၉။ 'ဧဝံဂလိတရား၏ အလုပ်ကိုလုပ်ပါ။' သင်ရှိနေသည့် တစ်ထောင့်တစ်နေရာမှာ 'သင်သာသနာတော်အတွက် အပြည့်အ ဝ သက်သေပြပါ။' မှန်ကန်သောဩဝါဒစကားကို လက်မခံသောအချိန်မှန်ရောက်လာပါမည်။ သူတို့၏လောဘစိတ်များကြောင့် သူတို့အတွက်သူတို့ဆရာများပုံနေပေလိမ့်မည်။ နားထောင်ခြင်းမရှိဘဲ သူတို့လုပ်ချင်ရာကိုလုပ်ကြပါသည်။ အလားတူ အံ့ဖွယ်နိမိတ်လက္ခဏာများ ကျွန်တော်တို့မှာ ရှိကြပါသည်။သမ္မာတရားလမ်းလွဲသွားပြီး ပုံပြင်၊ ဆိုရိုးစကား၊ ဩဝါဒသွန် သင်ချက်များ ဖြစ်သွားကြပေမည်။

100 ၁၀၀။ သန့်ရှင်းသောဝိညာဉ်တော်ရှိနေခြင်းကိုသိကြပါသည်။ ကျွန်တော်တို့ရှေ့မှာ မည်မျှမှန်ကန်၍ ရှင်းလင်းကြောင်း လူသား၏စိတ်နှလုံးကို ထိခိုက်ကြောင်း အံ့ဖွယ်တွေ့ရပါသည်။ အုတ်မြစ်ကျောက်ကိုတူးဖော်၍ကြည့်ပါ။ လွန်ခဲ့သောသုံးဆယ့် သုံးနှစ်ခန့်က

ရေးထားသောစာရွက်ကို ကြည့်ပါ။ သတ္တမလမ်းတွင်အုတ်မြစ်ချခဲ့စဉ်က ကိုယ်တော်ရှင်ဘာပြောခဲ့သည် ဆိုသည့်အကြောင်းကို တွေ့ရပါသည်။ အမှန်တကယ်ဖြစ်ပေါ်လာခြင်းရှိမရှိကြည့်ပါ။ ဘာဖြစ်လာသည်ကိုကြည့်ပါ။

အလွန်ခက်ခဲပါသည်။ ညီအစ်ကိုတို့အလွန်ခက်ခဲကြောင်း ကျွန်တော်သိပါသည်။ သို့သော်လည်း...သမ္မာကျမ်းစာ ဆိုထားသည့် သခင်ယေရှုကိုယ်တိုင် မိမိဖာသာပြောပါသည်။ 'ဖြစ်နိုင်လျှင်ရွေးချယ်ထားသူများကိုပင်လျှင် လှည့်ဖျားသွား လိမ့်မည်။ ဘယ်လမ်းမှမရှိတော့ပါ။သူတို့လည်း ဘယ်တော့မှတွေ့မြင်နိုင်မည်မဟုတ်ပါ။ ဖြစ်နိုင်လျှင် ရွေးချယ်ထားသောသူများပင်လျှင် လှည့်ဖျားခြင်းကိုခံရမည်။

101 ၁၀၁။ ဘုရားသခင်၏စစ်မှန်သောဘိသိက်ပေးခြင်းရောက်လာပြီးလျှင် ဤလူများ ပေါ်ပေါက်လာပါသည်။ သူ၏စစ်မှန်သော ပ ရောဖက်မောရှေအားဖြင့် ဖြစ်သည်။ မောရှေကတစ်စုံတစ်ရာကိုပြုလုပ်ပါက သူတို့ကလိုက်၍ တုပကြပါသည်။

102 ၁၀၂။ ညီအစ်ကိုမောင်နှမများခင်ဗျာ... ဤဘုရားကျောင်းမှာ ငါ၏ကိုယ်ပိုင် ဘုရားကျောင်းဖြစ်ပါသည်။ကျွန်တော်ဟောပြောလို သည့်အရာကို ဟောပြောခွင့်ရှိပါသည်။ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း ဖြစ်ရပါမည်။ သင်တို့ကိုလည်း စစ်ကြောစီရင်နေခြင်းမဟုတ်ပါ။ အချိန်အတိုင်းအတာတစ်ခုအထိ ရှာဖွေ၍လေ့လာကြပါမည်။ ထိုအချိန်ကာလမှာလည်းယခုကျွန်တော်တို့အသက် ရှင်နေထိုင်ကြသောအချိန်ပင် ဖြစ်ပါသည်။

ဘရာသာရယ်ဒဲလ်၊ ဂျူနီယာဂျက်ဆင်တို့ကိုနှုတ်ဆက်ပါသည်။ ကျွန်ုပ်တို့၏ ညီအစ်ကိုအသင်းတော်များကိုလည်း နှုတ် ဆက်ပါသည်။ သူတို့ကို ကျွန်တော်မေ့သွားပါသည်။ ဒီမနက် သူတို့ရောက်လာသည်ဟု ကျွန်တော်ထင်ပါသည်။ဘုရားကျောင်းထဲ မှာ နေရာမရှိတော့ပါ။

103 ၁၀၃။ ထိုအကြောင်းနှင့်ပတ်သက်၍ခေတ္တစဉ်းစားကြည့်ပါ။ မောရှေပြုလုပ်သော အံ့ဖွယ်နိမိတ်လက္ခဏာများကိုလည်း သူတို့ပြုလုပ်ကြပါသည်။ မောရှေက လေ့များကို ဆောင်ယူခဲ့သည်။ သူတို့က လိုက်လံတုပ၍ လေးများကိုဆောင်ယူခဲ့ပြန်ပါသည်။ ဘုရား သခင်မိန့်တော်မူသည်မှာ 'သင်စားသောက်သောနေ့ရက်မှာပင် သင်သေဆုံးရမည်။' ဟုဆိုပါသည်။

စာတန်ကရောက်လာပြီး ပြောပါသည်။ 'သင်တို့သေကြရမည်မဟုတ်ပါ။ပို၍အသိဉာဏ်တိုးပွားလာကြပါမည်။ ပိုမိုကောင်း မွန်သောအဖွဲ့အစည်း ရရှိလာကြပါမည်။ပိုမိုကောင်းမွန်ပါမည်။...' သင်သိပါသည်။ 'သင်တို့အားလုံးကိုသိ၍ အားလုံးမှာသင်တို့ အတွက်ပို၍ ကောင်းနေပါမည်။ အလင်းပိုမို၍ ရရှိပါမည်။' သွေးဆောင်မှုတစ်မျိုးပင်ဖြစ်သည်။

၂တိ ၃း၈ တွင် ဖော်ပြသကဲ့သို့ကိုယ်တော်ရှင်မိန့်တော်မူသည်ဆိုသော စကားကိုကြည့်ပါ။ 'နောက်ဆုံးသောနေ့ရက်ကာ လတွင် ယံနေ့နှင့်ယံဗြေတို့သည် လောကအပေါ်တွင် ရောက်လာကြမည်' ဟူ၍ဖြစ်ပါသည်။ သူတို့နှစ်ဦးရှိကြောင်း သင့်အားသတိ ပြုစေလိုပါသည်။ လိုက်လံ၍ တုပသူများဖြစ်ကြပါသည်။

သောဒုံမြို့သို့ ကျွန်တော်တို့ပြန်၍လေ့လာကြပါမည်။ ကောင်းကင်တမန်သုံးပါး ဆင်းသက်ကြွလာတော်မူသည်ကို တွေ့ရ ပါသည်။ အတုအယောင်များကို တွေ့မြင်ကြရပါသည်။ မည်သည့်အရာသည် အမှန်နှင့်အမှားဖြစ်ကြောင်းတွေ့ကြရပါသည်။

104 ၁၀၄။ သူတို့သည်တူညီသောနိမိတ်လက္ခဏာများ ပြုကြပါသည်။ စစ်မှန်သော နှုတ်ကပတ်တော်စကားကိုဘိသိက်ပေးပြီးမှ သာလျှင် သူတို့က လိုက်လံ၍တုပကြခြင်းပင် ဖြစ်ပါသည်။ဘုရားရှင်စေလွှတ်တော်မူသော ပထမအရာပြီးမှသာ ဒုတိယ အဖြစ်လိုက်ပါ လာခြင်းပင်ဖြစ်ပါသည်။

ကျွန်တော်ခေတ္တစဉ်းစားပါရစေ။လွန်ခဲ့သောနှစ်ပေါင်းနှစ်ဆယ်ခန့်ကမှစ၍ လူအများလက်ကို ကိုင်လိုက်သည်နှင့် နိမိတ်လက္ခဏာကို ကျွန်တော်သိခွင့်ရပါသည်။ လူတိုင်းအရာတိုင်းမှာလည်း နိမိတ်လက္ခဏာကိုပိုမိုများပြားစွာတွေ့ရှိရပါသည်... တစ်ဦးက သူ၏ညာဘက်လက်တစ်ဦးကသူ၏ဘယ်ဖက်လက်မှာ တွေ့ရသည်။ တချို့က အနံ့ရကြပါသည်။ ဤအချိန်မှာ ဘုရားသခင်ကကျွန်ုပ်အားသင့်ကို ပြောခွင့်မပြုတော့ပါ။ စစ်မှန်သော သမ္မာတရားကိုပြောခွင့်မပြုသော်လည်း တစ်နေ့သော အခါမှာ သင်သိရပါ မည်။ သူတို့၏မိုက်မဲမှုကိုဖော်ပြခြင်းသာဖြစ်ပါသည်။ အစပိုင်းတွင် မှန်ကန်မှုမရှိပါ။ တစ်နေ့သောအခါမှာကိုယ်တော်ရှင်ဖော်ပြပါက ကျွန်ုပ်သင့်ကိုပြောပြပါမည်။

105 ၁၀၅။ သူတို့ကအလားတူအံ့ဖွယ်နိမိတ်လက္ခဏာများ ပြုကြပါသည်။ သို့သော်လည်း သမ္မာတရားကအရင်ပြုလုပ်ပြီးမှသာ သူ တို့က လုပ်ခြင်းဖြစ်ပါသည်။ သို့မဟုတ်ပါက အစပိုင်းမှစ၍ ဖြစ်ပေါ်ခြင်းမရှိပါ။စာတန်က ဧဒင်ဥယျာဉ်ကြီးထဲတွင်လည်း ထိုသို့ပင် ပြုလုပ်ခဲ့ပါသည်။ မည်သူကအရင်ပရောဖက်ပြုပါသနည်း။ မောရှေဖြစ်ပါသည်။ မြင်ကွင်းတွင် မည်သူပထမဆုံးပေါ်လာပါသနည်း။ မောရှေလော၊ ဖာလမ်လော၊ မောရှေဖြစ်ပါသည်။ ပထမဆုံးမည်သူက မြင်ကွင်းတွင်ပေါ်လာပါသနည်း။ ယေရမိ လော၊ ဟာနနိလောကျွန်တော်ဘာကိုဆိုလိုကြောင်း သင်သိပါသလား။ [ပရိသတ် 'အာမင်' ဟုဆိုပါသည်။- အယ်ဒီတာ]

သူတို့ပုံတူကူးချကြပါသည်။ ဇာတိဆန်သောအတုယူခြင်းမျိုးဖြစ်ပါသည်။ ရိုးသားသည်။ 'ဘုရားသခင်၏အမှုတော်မြတ် ကို ထမ်းဆောင်သည်။' ဟုထင်မြင်ယူဆကြသော်လည်း ဒါဝဒ်ကဲ့သို့ဖြစ်နေပါသည်။ ဇာတိဆန်သောအတုယူခြင်းပင်ဖြစ်ပါသည်။ ကျွန်တော်ခင်ဗျားတို့ကို စဉ်းစားစေလိုပါသည်။ ကျွန်တော်မပြောပါကလည်းသန့်ရှင်းသောဝိညာဉ်တော်က ဖော်ပြပါမည်။ ရွေးချယ် ထားသောသူများကိုအထူးသဖြင့်ဖြစ်ပါသည်။

106 ၁၀၆။ ဖာရော၏ဂိုဏ်းဂဏကပြောပါသည်။ 'ထိုသို့အလားတူပြုလုပ်နိုင်သောသူများ ကျွန်တော်တို့မှာရှိပါသည်' ဟူ၍ဖြစ် သည်။

သူတို့ကလည်း ပြုမူကြပါသည်။ဘာကြောင့် ဖာရောဘုရင်ကပြုလုပ်ရပါသနည်း။ ဘုရားရှင်ဘာကြောင့် ခွင့်ပြုရပါသနည်း။ဘုရားရှင်က စစ်မှန်သောဘိသိက်ခံပရောဖက်ကိုဖါရောဘုရင်ရှေ့တော်တွင်အံ့ဖွယ်နိမိတ်လက္ခဏာပြုလုပ်ရန် တောင်းဆိုပါ သည်။ ဂိုဏ်းဂဏက ပုံတူကူးချ၍လူအများရှေ့မှာ လုပ်ပြပါသည်။ ထိုသို့ပြုလုပ်ခွင့်ကို သူကဘာကြောင့်ပေးရပါသနည်း။စစ်မှန်သောဘုရားသခင်၏ ဝိညာဉ်တော်က ပြုလုပ်သည့်အတိုင်း အတိအကျပင်ဘာကြောင့်ပြုလုပ်ရန် ခွင့်ပြုပါသနည်း။ သမ္မာကျမ်းစာပြည့်စုံစေရန်အတွက်ပင်ဖြစ်ပါသည်။

107 ၁၀၇။ သူတို့ကဲ့သို့ပြုလုပ်ရခြင်းမှာ ဖါ ရောဘုရင်နှင့် အီဂျစ်နိုင်ငံသားများ၏ စိတ်နှလုံးမာကြောစေရန်အတွက် ဖြစ်ပါသည်။ မောရှေ တစ်ဦးတည်း၌သာ နှုတ်ကပတ်တော်ရှိသည်မဟုတ်ဟုသက်သေပြလိုခြင်း ကြောင့် ဖြစ်ပါသည်။မောရှေ့ ပြုလုပ်နိုင်သကဲ့သို့ သူတို့သည် အရာခပ်သိမ်း တပုံစံတည်း ပြုလုပ်နိုင်ကြပါသည်။

နောက်ဆုံး သော နေ့ရက်များတွင် ဘုရားရှင်က ဘာကြောင့် ဤသို့ဖြစ်ပျက်စေပါသနည်း။ ဖေဒိတ်ကို လှည့်ဖျားသော ဝိညာဉ်ကပြောသောအလားအရာပင် ဖြစ်ပါသည်။ အာဟပ်ကို မည်သို့ သွေး ဆောင်၍ ဤအရာများဖြစ်ပေါ်လာအောင် ပြုလုပ်ပါမည်နည်း။ သူကြိုတင်ဖေါ်ပြသည့်အတိုင်း မည်သို့ ပြုလုပ်ပါမည်နည်း။ 'သင်သည် ချမ်းသာသောကြောင့်လိုလေသေး မရှိအောင် ပြည့်စုံပါသည်။ ဘုရင်မကဲ့ သို့ ထိုင်နိုင်ပါသည်။' ဘာမှလိုပါမိမိကိုယ် မိမိစိတ်ပျက်ဖွယ်ရာမျက်စီကွယ်လျှက် ဘာမှမရှိဘဲ ဖြစ်နေပါ သလား။ ငါ့ထံမှ ဆီနှင့် ရွှေကိုလာဝယ်ပါဟု အကြံပေး လိုပါသည်ဆိုသည်။ သူဘာ ကြောင့်လုပ်ရပါသ နည်း။

မောရှေက သူတို့ကို ရှတ်ထွေးစေ၍ပြောပါသလား။ စစ်မှန်သော ဘုရားသခင်၏ နှုတ်ကပတ်တော် အားဖြင့် ဤအရာများဖြစ်ပျက်ခဲ့ပါသည်။ အတု အပပြုလုပ်သူများ ရောက်လာပြီး အလားတူ အရာများ ပြု လုပ်ပါသည်။စစ်မှန်သော ဘုရားသခင်၏ မောရှေအတွက် ဘုရားသခင်က ပြုလုပ်ပါသည်။ စစ်မှန် သော ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလည်းငြင်းပယ်ခြင်းဘာ ကြောင့် ပြုလုပ်ပါသနည်း။ မောရှေ အတွက် ဘုရားသခင်က ပြုလုပ်ခြင်းဖြစ်၍ ဖါရောက မောရှေကို ဆန့်ကျင်၍ ပြုလုပ်သည်။ ယန္နေနှင့် ယံဗြေက လည်းမောရှေကိုဆန့်ကျင်၍ ပြုလုပ်သည်။ သမ္မာကျမ်းစာ အဆိုအရ နောက်ဆုံးသော ကာလတွင် လည်း ထပ်မံ၍ဖြစ်ပေါ်လာဦးမည် ဖြစ်ပါသည်။ ယခု ရောက်နေပါပြီ။ သမ္မာကျမ်းစာ ပြည့်စုံခြင်းမဟုတ်လျှင် ဘယ် အချိန်များ ဖြစ်နေပါမည်နည်း။

108 ၁၀၈။ မောရှေကသူတို့အား ရှတ်ထွေးစေပြီး ပြောပါသလား။ 'ဒီမှာဒီမှာခင်ဗျားတို့ဒါမှာထိုအရာကိုယ ခုချက်ချင်း ရပ်ပစ်လိုက်ပါ' ဟုဆိုပါသည်။ သူက သူတို့ကို သွားခွင့်ပြုပါသည်။

သူတို့ကို သွားစေပါသည်။သမ္မာကျမ်းစာဆိုထားသည်ကို သတိရပါ။ 'သူတို့၏မိုက်မဲမှုများကို ဖေါ်ပြသကဲ့သို့ နောက်ဆုံးသော နေ့ရက်များမှာ ဖေါ်ပြခြင်းခံရပါသည်။' သတိုးသမီးကို ချီဆောင်လိုက် သော အခါကောင်းကင် ထဲသို့ ဆောင်ယူသွားသော အခါ သတိ ပြုကြည့်ပါ။

